ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

# မြန်မာနိုင်ငံ
# ပြည်တွင်းခရီးသွားစစ်တမ်း
# ၂၀၂၄








www.tourism.gov.mm
067-3-406131
067-3-406459
mohtresearch2022@gmail.com

# ကျေးဇူးတင်လွှာ

မြန်မာနိုင်ငံ၏ ပြည်တွင်းခရီးသည်စစ်တမ်း - ၂၀၂၄ သည် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ခရီးသွားလုပ်ငန်းသုတေသနဌာနစိတ်က ဆောင်ရွက်ခဲ့သည့် ပြည်တွင်းခရီးသည်စစ်တမ်း - ၂၀၂၄ မှ အဓိကတွေ့ရှိချက်များအား ရေးသားဖော်ပြထားသည့် အစီရင်ခံစာ ဖြစ်ပါသည်။

ကမ္ဘာတစ်ဝှမ်းရှိ နိုင်ငံအသီးသီး၌ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် နိုင်ငံတကာခရီးသွားလုပ်ငန်းများ ထိခိုက်မှုများစွာရှိခဲ့သဖြင့် ကိုဗစ်-၁၉အလွန်ကာလများတွင် ပြည်တွင်းခရီးသည်လုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် ခရီးသွားကဏ္ဍတစ်ခုလုံးအား ပြန်လည်တည်ဆောက်သည့် လုပ်ငန်းစဉ်တွင် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ထို့ပြင် ပြည်တွင်းခရီးသည်လုပ်ငန်းသည် ဒေသခံများ၏ ဝင်ငွေများကို မြှင့်တင်ပေးသည်သာမက နိုင်ငံ့စီးပွားရေးလုပ်ငန်းတွင် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ယခုကဲ့သို့ စစ်တမ်းဆောင်ရွက်နိုင်ခြင်းအားဖြင့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ် ရောဂါကြောင့် အထိနာခဲ့ရသည့်ခရီးသွားကဏ္ဍအား ပြန်လည်မြှင့်တင်ရာတွင် များစွာအထောက်အပံ့ပြုမည် ဖြစ်ပါသည်။

ပြည်တွင်းခရီးသည်စစ်တမ်း-၂၀၂၄ အား မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် ပြုစုနိုင်ခဲ့သည့်အတွက် ဆက်စပ် ဝန်ကြီးဌာနများ၊ ပုဂ္ဂလိကခရီးသွားလုပ်ငန်းရှင်များအားလုံး ပြည်တွင်းခရီးသည်သုတေသနလုပ်ငန်းဆိုင်ရာ အချက်အလက်များကို ကိုးကားလေ့လာနိုင်ပြီး ဈေးကွက်ဖော်ဆောင်မြှင့်တင်ရေး လုပ်ငန်းစဉ်များရေးဆွဲရာတွင် များစွာ အထောက်အကူပြုစေမည် ဖြစ်ပါသည်။

ယခုကဲ့သို့ ၂၀၂၄ ခုနှစ် ပြည်တွင်းခရီးသည်စစ်တမ်း အစီရင်ခံစာထုတ်ပြန်နိုင်ရေးအတွက် တစ်တပ်တစ်အား ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများ၊ အချက်အလက်ကောက်ယူရာတွင် အားတက်သရောပါဝင်ကူညီဆောင်ရွက်ပေးခဲ့သည့် ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန၊ ခရီးသွားလုပ်ငန်းသုတေသနဌာနစိတ်ရှိ အရာထမ်း၊ အမှုထမ်းများ၊ စစ်တမ်း ကောက်ယူခဲ့သည့် ရုံးခွဲအသီးသီးမှ အရာထမ်း၊ အမှုထမ်းများနှင့် စစ်တမ်းတွင် ပါဝင်ဖြေဆိုပေးခဲ့သည့် ပြည်တွင်းခရီးသည်များကို လှိုက်လှဲစွာကျေးဇူးအထူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ဦးမောင်မောင်ကျော်
ညွှန်ကြားရေးမှူးချုပ်
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

# မာတိကာ


ကျေးဇူးတင်လွှာ ........ I

ဇယားများစာရင်း........ IV

ပုံပြကားချပ်များစာရင်း ........ IV

အကျဉ်းချုပ် အစီရင်ခံစာ........ VI

၁။ နိဒါန်း ........ ၁

၂။ ရည်ရွယ်ချက်များ........ ၄

၃။ သုတေသနနည်းလမ်း........ ၅

၃.၁။ နမူနာကောက်ယူမှုနည်းလမ်း (SAMPLING METHOD) ........ ၅

၃.၂။ နမူနာစစ်တမ်းကောက်ယူရန် နေရာများသတ်မှတ်ခြင်း အစီအစဉ် ........ ၆

၃.၂.၁။ ကောက်ယူခဲ့သည့် နေရာအလိုက် ပြီးပြည့်စုံသည့် နမူနာစစ်တမ်းလွှာများ ........ ၇

၃.၃။ စစ်တမ်းမေးခွန်းလွှာ (SURVEY QUESTIONNAIRE)........ ၁၀

၃.၃.၁။ စစ်တမ်းမေးခွန်းလွှာတွင် ပါဝင်သည့် အဓိကအချက်အလက်များ........ ၁၀

၃.၄။ စစ်တမ်းဖြေဆိုသူများနှင့် စစ်တမ်းဆောင်ရွက်မည့် နေရာများ ........ ၁၁

၃.၅။ အချက်အလက်ကောက်ယူသည့် နည်းလမ်းများနှင့် လုပ်ငန်းစဉ်များ ........ ၁၂

၃.၆။ QR CODE လက်ကမ်းစာစောင်များ ဖြန့်ဝေထားရှိခြင်း ........ ၁၄

၃.၇။ စစ်တမ်းကောက်ယူခြင်းဆိုင်ရာ ကန့်သတ်ချက်များ........ ၁၄

၄။ လေ့လာတွေ့ရှိချက်များ........ ၁၇

၄.၁။ စစ်တမ်းမှ လေ့လာတွေ့ရှိချက်များနှင့် သုံးသပ်မှုများ........ ၁၇

၄.၁.၁။ ဖြေဆိုသူ၏ ကိုယ်ရေးအချက်အလက်များ........ ၁၇

၄.၁.၂။ ၂၀၂၄ ခုနှစ်အတွင်း ခရီးသွားအတွေ့အကြုံ........ ၂၂

၄.၁.၃။ လက်ရှိခရီးစဉ် ဒေသဆိုင်ရာအချက်အလက်များ ........ ၃၀

၅။ ၂၀၂၂ ခုနှစ်၊ ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ် ပြည်တွင်းခရီးသည် စစ်တမ်းတွေ့ရှိချက်များကို နှိုင်းယှဉ်တင်ပြခြင်း ........ ၄၂

၅.၁။ ဖြေဆိုသူခရီးသွားများ အမြဲတမ်းနေထိုင်ရာသည့် နေရပ်လိပ်စာ များကို နှိုင်းယှဉ်ဖော်ပြမှု ဇယားနှင့် ဂရပ်ပုံ........ ၄၂

၅.၂။ ဖြေဆိုသူပြည်တွင်းခရီးသည်များ၏ ကျား/မ အချိုးအစား နှိုင်းယှဉ် ဖော်ပြမှု ဇယားနှင့် ဂရပ်ပုံ ........ ၄၃

၅.၃။ ဖြေဆိုသူပြည်တွင်းခရီးသည်များ၏ အသက်အုပ်စု နှိုင်းယှဉ်ဖော်ပြမှု ဇယားနှင့် ဂရပ်ပုံ ........ ၄၄

၅.၄။ ဖြေဆိုသူပြည်တွင်းခရီးသည်များ၏ အလုပ်အကိုင် နှိုင်းယှဉ်ဖော်ပြမှု ဇယားနှင့် ဂရပ်ပုံ ........ ၄၅

၅.၅။ ဖြေဆိုသူပြည်တွင်းခရီးသည်များ၏ စီးပွားရေးလုပ်ငန်းကဏ္ဍ နှိုင်းယှဉ်ဖော်ပြမှု ဇယားနှင့် ဂရပ်ပုံ ........ ၄၆

၅.၆။ ဖြေဆိုသူခရီးသွားများသွားရောက်ခဲ့သည့် တစ်နှစ်ပတ်လုံးခရီးစဉ် အရေအတွက် နှိုင်းယှဉ်ဖော်ပြမှု ဇယားနှင့် ဂရပ်ပုံ........ ၄၇

၅.၇။ ခရီးသွားလာရသည့် ရည်ရွယ်ချက်နှိုင်းယှဉ်ဖော်ပြမှု ဇယားနှင့် ဂရပ်ပုံ ........ ၄၈

၅.၈။ ဟိုတယ်နှင့်အလားတူနေရာများတွင် တည်းခိုနေထိုင်သည့်ကာလ နှိုင်းယှဉ်ဖော်ပြမှု ဇယားနှင့် ဂရပ်ပုံ ..............၄၉

၅.၉။ လအလိုက် ခရီးသွားလာခဲ့မှု နှိုင်းယှဉ်ဖော်ပြမှု ဇယားနှင့် ဂရပ်ပုံ ..................................................................... ၅၀

၅.၁၀။ လက်ရှိခရီးစဉ်အတွင်း အသုံးပြုသည့် သယ်ယူပို့ဆောင်ရေးယာဉ် အမျိုးအစား များ လာရောက်လည်ပတ်မှု ဇယားနှင့် ဂရပ်ပုံ.........................................................................................................................၅၁

၅.၁၁။ လက်ရှိခရီးစဉ်သို့ အတူလာရောက်သည့် ခရီးသွားအဖော်များကို နှိုင်းယှဉ်တင်ပြမှု ဇယားနှင့် ဂရပ်ပုံ .................၅၂

၅.၁၂။ လက်ရှိခရီးစဉ်အတွက် သတင်းအချက်အလက်ရရှိနိုင်သည့် အရင်း အမြစ်များကို နှိုင်းယှဉ်တင်ပြမှု ဇယားနှင့် ဂရပ်ပုံ...........................................................................................................................၅၃

၅.၁၃။ လက်ရှိခရီးစဉ်၌ ပြည်တွင်းခရီးသည်များ၏ တည်းခိုနေရာ အမျိုးအစားကို နှိုင်းယှဉ်တင်ပြမှု ဇယားနှင့် ဂရပ်ပုံ....၅၄

၅.၁၄။ လက်ရှိခရီးစဉ်တွင် နေထိုင်သည့်ရက်ပေါင်းကို နှိုင်းယှဉ်တင်ပြမှု ဇယားနှင့် ဂရပ်ပုံ ........................................... ၅၅

၅.၁၅။ ခရီးစဉ်အတွင်း သုံးစွဲခဲ့ကြသည့် ကဏ္ဍအလိုက် နှိုင်းယှဉ်တင်ပြမှု ဇယားနှင့် ဂရပ်ပုံ .......................................... ၅၆

# ဇယားများစာရင်း

ဇယား (၁-၁) ၂၀၁၈ခုနှစ်မှ ၂၀၂၄ခုနှစ်အထိ နှစ်အလိုက် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီး၌ ပြည်တွင်းခရီးသည် ဝင်ရောက်မှု ........................................................................................................................................၃

ဇယား (၃-၂-၁) ပြည်တွင်းခရီးသည်စစ်တမ်း ၂၀၂၄ တွင် ကောက်ယူခဲ့သည့် ပြီးပြည့်စုံသည့် နမူနာများ ............................... ၈

ဇယား (၄-၁-၃-၁၁) လက်ရှိခရီးစဉ်အတွက် ပြည်တွင်းခရီးသည်တစ်ဦး၏ ပျမ်းမျှအသုံးစရိတ်ဆိုင်ရာ အချက်အလက်များ ..၃၉

# ပုံပြကားချပ်များစာရင်း

ပုံ (၁-၁) ၂၀၁၈ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ နှစ်အလိုက် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီး၌ ပြည်တွင်းခရီးသည်ဧည့်သည် တည်းခိုဝင်ရောက်မှု ........................................................................................................................ ၂

ပုံ (၄-၁-၁-၁) ဖြေဆိုခဲ့သည့် ပြည်တွင်းခရီးသည်များ၏ နေထိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များ ............................... ၁၇

ပုံ (၄-၁-၁-၂) ခရီးသွားလာမှု အများဆုံး တိုင်းဒေသကြီးနှင့် ပြည်နယ်များအနက်မှ ခရီးသွားလာခဲ့ ကြသည့် ခရီးစဉ်ဒေသများ ...၁၈

ပုံ (၄-၁-၁-၃) ဖြေဆိုသူပြည်တွင်းခရီးသည်များ၏ ကျား/မ အချိုးအစားနှင့် အသက်အုပ်စု ...........................................၁၉

ပုံ (၄-၁-၁-၄) ဖြေဆိုသူပြည်တွင်းခရီးသည်များ၏ အလုပ်အကိုင်နှင့် စီးပွားရေးကဏ္ဍ ................................................... ၂၀

ပုံ (၄-၁-၁-၅) ဖြေဆိုသူပြည်တွင်းခရီးသည်များ၏ သုံးစွဲမှုပမာဏ ........................................................................... ၂၁

ပုံ (၄-၁-၂-၁) ၂၀၂၄ ခုနှစ်အတွင်း ဖြေဆိုသူခရီးသွားများ သွားရောက်ခဲ့သည့် ခရီးစဉ်အရေအတွက်.................................. ၂၂

ပုံ (၄-၁-၂-၂) ၂၀၂၄ ခုနှစ်အတွင်း ပြည်တွင်းတွင် ခရီးသွားလာခဲ့သည့် ရက်စုစုပေါင်း ................................................... ၂၂

ပုံ (၄-၁-၂-၃) ၂၀၂၄ ခုနှစ်အတွင်း ခရီးသွားလာရသည့် အဓိကရည်ရွယ်ချက်................................................................ ၂၃

ပုံ (၄-၁-၂-၄-၁) ပြည်တွင်းခရီးသည်များ အများဆုံးကြိုက်နှစ်သက်သည့် ခရီးစဉ်ဒေသများ ............................................ ၂၄

ပုံ (၄-၁-၂-၄-၂) ပြည်တွင်းခရီးသည်များ ဒုတိယအများဆုံး ကြိုက်နှစ်သက်သည့် ခရီးစဉ်ဒေသများ.................................. ၂၄

ပုံ (၄-၁-၂-၄-၃) ပြည်တွင်းခရီးသည်များ တတိယအများဆုံးကြိုက်နှစ်သက်သည့် ခရီးစဉ်ဒေသများ ............................... ၂၅

ပုံ (၄-၁-၂-၅) ၂၀၂၄ခုနှစ်၊ တစ်နှစ်ပတ်လုံးဟိုတယ်နှင့်အလားတူနေရာများတွင် တည်းခိုနေထိုင်ခဲ့ သည့်ကာလ................. ၂၅

ပုံ (၄-၁-၂-၆) ၂၀၂၄ ခုနှစ်အတွင်း လအလိုက် ခရီးသွားလာမှုအခြေအနေ ................................................................... ၂၆

ပုံ (၄-၁-၂-၇) ၂၀၂၄ ခုနှစ်အတွင်း ပြည်တွင်းခရီးသည်များ သုံးစွဲခဲ့သည့် အသုံးစရိတ် ....................................................... ၂၇

ပုံ (၄-၁-၂-၈) မြန်မာနိုင်ငံအတွင်း လည်ပတ်ရာတွင် အသက်အရွယ်အလိုက် ငွေကြေးသုံးစွဲမှု ........................................... ၂၈

ပုံ (၄-၁-၂-၉) မြန်မာနိုင်ငံအတွင်း လည်ပတ်ရာတွင် အသက်အရွယ်အလိုက် ငွေကြေးသုံးစွဲမှု ........................................... ၂၈

ပုံ (၄-၁-၂-၁၀) တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခရီးသွားလာစဉ်အတွင်း ငွေကြေးသုံးစွဲနိုင်မှု ................................. ၂၉

ပုံ (၄-၁-၃-၁) လက်ရှိခရီးစဉ်သို့ ရောက်ရှိဖူးသည့် အကြိမ်အရေအတွက်..........................................................................၃၀

ပုံ (၄-၁-၃-၂) လက်ရှိခရီးစဉ်၌ အသုံးပြုသည့် သယ်ယူပို့ဆောင်ရေးယာဉ်အမျိုးအစားများ..............................................၃၁

ပုံ (၄-၁-၃-၃) လက်ရှိခရီးစဉ်သို့ လာရောက်ရသည့် ရည်ရွယ်ချက် ............................................................................... ၃၂

ပုံ (၄-၁-၃-၄) မြန်မာနိုင်ငံအတွင်းလည်ပတ်ရာတွင် အသက်အရွယ်အလိုက် ခရီးသွားလာသည့် ရည်ရွယ်ချက်များ ............၃၃
ပုံ (၄-၁-၃-၅) လက်ရှိခရီးစဉ်အတွက် ခရီးစဉ် အစီအစဉ်ဆောင်ရွက်မှု ............၃၄
ပုံ (၄-၁-၃-၆) လက်ရှိခရီးစဉ်သို့ အတူလာရောက်သည့် ခရီးသွားအဖော်များ ............၃၄
ပုံ (၄-၁-၃-၇) လက်ရှိခရီးစဉ်အတွက် သတင်းအချက်အလက်ရရှိနိုင်သည့် အရင်းအမြစ်များ ............၃၅
ပုံ (၄-၁-၃-၈-၁) လက်ရှိခရီးစဉ်တွင် နေထိုင်သည့်ရက်ပေါင်း ............၃၆
ပုံ (၄-၁-၃-၈-၂) လက်ရှိခရီးစဉ်အတွင်း ပြည်တွင်းခရီးသည်များ ပျမ်းမျှနေထိုင်သည့်ကာလ ............၃၆
ပုံ (၄-၁-၃-၉) လက်ရှိခရီးစဉ်၌ ပြည်တွင်းခရီးသည်များ၏ တည်းခိုနေရာအမျိုးအစားများ ............၃၇
ပုံ (၄-၁-၃-၁၀) ၂၀၂၄ ခုနှစ်အတွင်း နေ့ချင်းပြန်ခရီးသည်နှင့် ညအိပ်ခရီးသည်တို့၏ ငွေကြေးသုံးစွဲမှု အခြေအနေ ............၃၈
ပုံ (၄-၁-၃-၁၁) လက်ရှိခရီးစဉ်အတွင်း ပြည်တွင်းခရီးသည်များ၏ အသုံးစရိတ် ............၃၈
ပုံ (၄-၁-၃-၁၂) မြန်မာနိုင်ငံအတွင်း လည်ပတ်ရာတွင် စိတ်ကျေနပ်မှုအဆင့် ............၄၀
ပုံ (၄-၁-၃-၁၃) မြန်မာ့ခရီးသွားဝန်ဆောင်မှုမြှင့်တင်နိုင်ရေး အကြံပြုချက်များ ............၄၀
ပုံ (၅-၁) ဖြေဆိုသူခရီးသွားများ အမြဲတမ်းနေထိုင်သည့် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များကို နှိုင်းယှဉ်ဖော်ပြမှု
............၄၃
ပုံ (၅-၂) ကျား/မ အချိုးအစား နှိုင်းယှဉ်ဖော်ပြမှု ............၄၃
ပုံ (၅-၃) အသက်အုပ်စု နှိုင်းယှဉ်ဖော်ပြမှု ............၄၄
ပုံ (၅-၄) အလုပ်အကိုင် နှိုင်းယှဉ်ဖော်ပြမှု ............၄၅
ပုံ (၅-၅) စီးပွားရေးလုပ်ငန်းကဏ္ဍ နှိုင်းယှဉ်ဖော်ပြမှု ............၄၆
ပုံ (၅-၆) တစ်နှစ်ပတ်လုံးခရီးစဉ်အရေအတွက် နှိုင်းယှဉ်ဖော်ပြမှု ............၄၇
ပုံ (၅-၇) ခရီးသွားလာရသည့် ရည်ရွယ်ချက် နှိုင်းယှဉ်ဖော်ပြမှု ............၄၈
ပုံ (၅-၈) ဟိုတယ်နှင့်အလားတူနေရာများတွင် တည်းခိုနေထိုင်သည့်ကာလ နှိုင်းယှဉ်ဖော်ပြမှု ............၄၉
ပုံ (၅-၉) လအလိုက် ခရီးသွားလာခဲ့မှု နှိုင်းယှဉ်ဖော်ပြမှု ............ ၅၀
ပုံ (၅-၁၀) လက်ရှိခရီးစဉ်အတွင်း အသုံးပြုသည့် သယ်ယူပို့ဆောင်ရေးယာဉ်အမျိုးအစားများ နှိုင်းယှဉ်ဖော်ပြမှု ............၅၁
ပုံ (၅-၁၁) လက်ရှိခရီးစဉ်သို့ အတူလာရောက်သည့် ခရီးသွားအဖော်များကို နှိုင်းယှဉ်ဖော်ပြမှု ............၅၂
ပုံ (၅-၁၂) လက်ရှိခရီးစဉ်အတွက် သတင်းအချက်အလက်ရရှိနိုင်သည့် အရင်းအမြစ်များကို နှိုင်းယှဉ်ဖော်ပြမှု ............၅၃
ပုံ (၅-၁၃) လက်ရှိခရီးစဉ်၌ ပြည်တွင်းခရီးသည်များ၏ တည်းခိုနေရာအမျိုးအစားများ နှိုင်းယှဉ် ဖော်ပြမှု ............၅၄
ပုံ (၅-၁၄) လက်ရှိခရီးစဉ်တွင် နေထိုင်သည့်ရက်ပေါင်း နှိုင်းယှဉ်ဖော်ပြမှု ............ ၅၅
ပုံ (၅-၁၅) ခရီးစဉ်အတွင်း သုံးစွဲခဲ့ကြသည့် ကဏ္ဍအလိုက် နှိုင်းယှဉ်ဖော်ပြမှု ............ ၅၆

# အကျဉ်းချုပ် အစီရင်ခံစာ

## ၂၀၂၄ ခုနှစ် မြန်မာနိုင်ငံ၏ ပြည်တွင်းခရီးသည်ဧည့်သည်များ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တည်းခိုနေထိုင်မှုစာရင်းအင်းဆိုင်ရာ အကျဉ်းချုံးဖော်ပြချက်

- ၂၀၂၄ ခုနှစ်အတွင်း မြန်မာနိုင်ငံအတွင်းရှိ လိုင်စင်ရဟိုတယ်နှင့် တည်းခိုရိပ်သာများတွင် တည်းခိုနေထိုင်လည်ပတ်ခဲ့သည့် ပြည်တွင်းခရီးသည်ဧည့်သည်စုစုပေါင်း **၁၀.၅၁၇ သန်း** ရှိခဲ့ပါသည်။
- ၂၀၂၄ ခုနှစ်အတွင်း ဟိုတယ်နှင့်တည်းခိုရိပ်သာများတွင် ပြည်တွင်းခရီးသည်များ တည်းခိုနေထိုင်လည်ပတ်ခဲ့သည့် စာရင်းများကို ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ဖော်ပြရလျှင် မန္တလေးတိုင်းဒေသကြီးတွင် ၂.၅၈၈ သန်း (၂၅ ရာခိုင်နှုန်း)၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၂.၅၀၁ သန်း (၂၄ ရာခိုင်နှုန်း)၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၁.၄၀၈ သန်း (၁၃ ရာခိုင်နှုန်း)၊ ရှမ်းပြည်နယ်တွင် ၁.၃၅၆ သန်း (၁၂ ရာခိုင်နှုန်း)နှင့် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ၂.၆၆၄ သန်း (၂၆ ရာခိုင်နှုန်း) ရှိကြောင်း တွေ့ရှိရပါသည်။

## ပြည်တွင်းခရီးသည်စစ်တမ်း-၂၀၂၄ ၏ တွေ့ရှိချက်အကျဉ်းချုပ်

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ခရီးသွားလုပ်ငန်းသုတေသနဌာနစိတ်သည် ပြည်တွင်းခရီးသည်စစ်တမ်းကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ဒုတိယအပတ်မှ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ပထမအပတ်အထိ ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၂ ခုရှိ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနရုံးခွဲ ၁၂ ခု၏ မြို့ပေါင်း ၃၀ မြို့ရှိ ခရီးစဉ်ဒေသ ၁၃၆ ခုနှင့် ထွက်ပေါက်ဂိတ် ၂၃ ခုတို့တွင် ပြည်တွင်းခရီးသည်စစ်တမ်း ၂၀၂၄ အား ဆောင်ရွက်ခဲ့ပြီး စစ်တမ်းတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ပြည်တွင်းခရီးသည်စစ်တမ်းတွင် ပါဝင်ဖြေဆိုသူများ၏အချက်အလက်များမှာ-

စစ်တမ်းကောက်ယူသည့်ကာလအတွင်း မြန်မာနိုင်ငံတစ်ဝှမ်း အများဆုံးသွားရောက်လည်ပတ်သည့် **အများဆုံး ပြည်နယ်နှင့် တိုင်းဒေသကြီး (၅) ခု**မှာ ဧရာဝတီတိုင်းဒေသကြီးမှ ၁၇ ရာခိုင်နှုန်းခန့်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ၁၆ ရာခိုင်နှုန်းခန့်၊ ပဲခူးတိုင်းဒေသကြီးမှ ၉ ရာခိုင်နှုန်းခန့်၊ ရှမ်းပြည်နယ်မှ ၈ ရာခိုင်နှုန်းခန့် အသီးသီးရှိကြပါသည်။

- စစ်တမ်းဖြေဆိုသူ ပြည်တွင်းခရီးသည်များ၏ အမြဲတမ်းနေရပ်ဒေသကိုကြည့်လျှင် မြို့ပြများမှ **၈၂ ရာခိုင်နှုန်း**၊ မြို့နယ်အနီးအနားပတ်ဝန်းကျင်မှ **၁၁ ရာခိုင်နှုန်း**နှင့် ကျေးလက်ဒေသနေဦးရေသည် **၇ ရာခိုင်နှုန်း** ရှိပါသည်။

- စစ်တမ်းဖြေဆိုသူ ပြည်တွင်းခရီးသည်များ၏ ကျား-မ အချိုးအစားအားကြည့်လျှင် အမျိုးသားဦးရေသည် **၅၃ ရာခိုင်နှုန်း** ရှိပြီး အမျိုးသမီးဦးရေသည် **၄၇ ရာခိုင်နှုန်း** ရှိပါသည်။
- စစ်တမ်းဖြေဆိုသူ ပြည်တွင်းခရီးသည်များ၏ အသက်အရွယ်အချိုးအစားအားကြည့်လျှင် အသက် (၃၀-၃၉) နှစ် သည် **၃၁ ရာခိုင်နှုန်း**၊ အသက် (၂၀-၂၉) နှစ် သည် **၂၈ ရာခိုင်နှုန်း**၊ အသက် (၄၀-၄၉) နှစ်သည် **၂၂ ရာခိုင်နှုန်း**၊ အသက် ၅၀ နှင့် ၅၉ နှစ်အကြားသည် **၁၁ ရာခိုင်နှုန်း**၊ အသက် ၆၀ နှစ်နှင့်အထက်သည် **၅ ရာခိုင်နှုန်း နှင့်** အသက် ၁၅ နှစ်မှ ၁၉ နှစ် အတွင်း **၃ ရာခိုင်နှုန်း** အသီးသီးရှိကြပါသည်။
- စစ်တမ်းဖြေဆိုသူ ပြည်တွင်းခရီးသည်များ၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများမှာ ဝန်ဆောင်မှုပေးသူ/အရောင်းဝန်ထမ်းဦးရေသည် **၂၁ ရာခိုင်နှုန်း**ဖြင့် အများဆုံးဖြစ်ပြီး စီမံခန့်ခွဲမှုအဆင့်တွင် **၂ ရာခိုင်နှုန်း**ဖြင့် အနည်းဆုံးရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။
- စစ်တမ်းဖြေဆိုသူ ပြည်တွင်းခရီးသည်များ၏ စီးပွားရေးလုပ်ငန်းကဏ္ဍကို လေ့လာပါက ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ **၄၉ ရာခိုင်နှုန်း**ဖြင့် အများဆုံးဖြစ်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် လုပ်ကိုင်သူမှာ **၁ ရာခိုင်နှုန်း**ဖြင့် အနည်းဆုံးရှိသည်ကို တွေ့ရှိရပါသည်။

**၂၀၂၄ ခုနှစ် တစ်နှစ်လုံး ပြည်တွင်းခရီးသည်များ၏ ခရီးသွားအတွေ့အကြုံဆိုင်ရာ အဓိကအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -**

(က) ပြည်တွင်းခရီးသည်များသည် ၂၀၂၄ ခုနှစ်အတွင်း ပျမ်းမျှအားဖြင့် သွားရောက်ခဲ့သည့် **ခရီးစဉ် ၂ ခုခန့်** နှင့် ပျှမ်းမျှနေထိုင်ရက် **၈ ရက်ခန့်**နှင့် ဖြေဆိုသူများအနက် ၅ ရက် နေသည်ဟု ဖြေဆိုသူမှာ အများဆုံးရှိသည်ကို တွေ့ရှိရပါသည်။

(ခ) ၂၀၂၄ ခုနှစ်အတွင်း ဟိုတယ်နှင့်တည်းခိုရိပ်သာများ၌ ခရီးသွားများပျမ်းမျှနေထိုင်သည့် ကာလမှာ **၆ ရက်** ဖြစ်ပါသည်။

(ဂ) ၂၀၂၄ ခုနှစ်အတွင်း ပြည်တွင်းခရီးသည်များ အများဆုံးသွားလာသည့် လများမှာ **နိုဝင်ဘာလ** (၃၀ ရာခိုင်နှုန်း)၊ **အောက်တိုဘာလ** (၂၃ ရာခိုင်နှုန်း) နှင့် **ဧပြီလ** (၁၁ ရာခိုင်နှုန်း) တို့ဖြစ်ပါသည်။

(ဃ) ၂၀၂၄ ခုနှစ်အတွင်း ပြည်တွင်းခရီးသည်တစ်ဦး၏ တစ်နှစ်ပတ်လုံးပျမ်းမျှခရီးသွားအသုံးစရိတ်မှာ **၉၆၀,၀၀၀ ကျပ်** ရှိပြီး ခရီးသွားတစ်ဦး၏ **တစ်နေ့** ပျမ်းမျှခရီးသွားအသုံးစရိတ်မှာ **၁၂၀,၀၀၀ ကျပ်** ဖြစ်ပါသည်။

**ပြည်တွင်းခရီးသည်များ၏လက်ရှိစစ်တမ်းဖြေဆိုနေသည့် ခရီးစဉ်နေရာနှင့်ပတ်သတ်၍ ခရီးသွားအတွေ့အကြုံဆိုင်ရာအဓိကအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -**

(က) ပြည်တွင်းခရီးသည် ၄၃ ရာခိုင်နှုန်းသည် လက်ရှိခရီးစဉ်ဒေသအား ၂ ကြိမ် မှ ၃ ကြိမ်အထိ ရောက်ရှိခဲ့ကြပြီး၊ ၂၇ ရာခိုင်နှုန်းမှာ ပထမဆုံးအကြိမ်အဖြစ်ရောက်ရှိခဲ့ပြီး၊ ကျန် ၁၈ ရာခိုင်နှုန်းသည် ၄ ကြိမ်နှင့် ၅ကြိမ်အတွင်း ရောက်ရှိဖူးသူများဖြစ်ကြပါသည်။

(ခ) ခရီးသွားလာမှုပုံစံတွင် ခရီးသွား ၄၇ ရာခိုင်နှုန်းသည် အများသုံးဘတ်စ်ကားကိုအသုံးပြုကြပြီး ၂၀ ရာခိုင်နှုန်းသည် ပြည်တွင်းလေကြောင်းလိုင်း၊ ၁၅ ရာခိုင်နှုန်းသည် ကိုယ်ပိုင်ကား၊ ၈ ရာခိုင်နှုန်းသည် အငှားယာဉ်တို့အား အသုံးပြုခဲ့ကြသည်ကို တွေ့ရှိရပါသည်။

(ဂ) ခရီးသွား ၃၉ ရာခိုင်နှုန်းမှာ အားလပ်ရက်၊ အပန်းဖြေရန်အတွက် လာရောက်ကြပြီး ၁၉ ရာခိုင်နှုန်းမှာ စီးပွားရေးအတွက်၊ ၁၅ ရာခိုင်နှုန်းသည် တရားထိုင်/ဘုရားဖူးရန်အတွက်နှင့် မိတ်ဆွေသူငယ်ချင်း ဆွေမျိုးများထံသို့ လည်ပတ်ရန်အတွက် ဖြစ်သည်ကိုတွေ့ရှိရပါသည်။

(ဃ) ခရီးသွားလာနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့မှုများအဖြစ် ခရီးသွား ၆၄ ရာခိုင်နှုန်းသည် မိမိအစီအစဉ်၊ ၂၁ ရာခိုင်နှုန်းမှာ သူငယ်ချင်းများနှင့်၊ ၁၃ ရာခိုင်နှုန်းမှာ မိသားစုဝင်များနှင့်အတူ စီစဉ်ခဲ့ကြသည်ကို တွေ့ရှိရပါသည်။ လုပ်ဖော်ကိုင်ဖက်နှင့် ခရီးသွားလုပ်ငန်းအေဂျင်စီမှ စီစဉ်ပေးသူ ၁ ရာခိုင်နှုန်းသာ ရှိသည်ကို တွေ့ရှိရပါသည်။

(င) ပြည်တွင်းခရီးသည် ၂၆ ရာခိုင်နှုန်းသည် တစ်ဦးတည်းခရီးသွားသူများ၊ ၂၀ ရာခိုင်နှုန်းသည် မိမိတို့၏ လက်တွဲဖော်နှင့်အတူ၊ ၁၉ ရာခိုင်နှုန်းသည် သူငယ်ချင်းနှင့်အတူ၊ ၁၄ ရာခိုင်နှုန်းသည် လုပ်ဖော်ကိုင်ဖက်များနှင့်အတူ ခရီးသွားလာသူများဖြစ်သည်ကို တွေ့ရှိရပါသည်။ ၁၀ ရာခိုင်နှုန်းမှာ ဆွေမျိုးများနှင့်အတူ၊ ၆ ရာခိုင်နှုန်းမှာ မိသားစု (ကလေးပါ) နှင့်အတူ၊ ၄ ရာခိုင်နှုန်းမှာ မိသားစု (ကလေးမပါ) နှင့်အတူ ခရီးသွားလာခဲ့ကြသည်ကို တွေ့ရှိရပါသည်။

(စ) ခရီးသွားလာခြင်းဆိုင်ရာ အချက်အလက်များရရှိခဲ့သည့်နေရာနှင့်စပ်လျဉ်း၍ ပြည်တွင်းခရီးသည် ၃၃ ရာခိုင်နှုန်းမှာ ယခင်ခရီးသွားအတွေ့အကြုံမှ၊ သူငယ်ချင်းနှင့် လုပ်ဖော်ကိုင်ဖက်များထံမှ ရရှိခဲ့မှု

၃၁ ရာခိုင်နှုန်း၊ မိသားစုဝင်များထံမှ ၂၇ ရာခိုင်နှုန်းနှင့် အခြား (လူမှုကွန်ရက်၊ အင်တာနက်/ ဝဘ်ဆိုက်နှင့် Brochure မှ) ၈ ရာခိုင်နှုန်း ရှိသည်ကိုတွေ့ရှိရမည် ဖြစ်ပါသည်။

(ဆ) လက်ရှိခရီးစဉ်ဒေသအတွင်း ပျမ်းမျှတည်းခိုနေထိုင်သည့်ကာလမှာ **၃ ညအိပ် ၄ ရက်ခန့်** ဖြစ်ပါသည်။ အလယ်အလတ် (Median) ဖြေဆိုမှုမှာ ၂ ညအိပ် ၃ ရက် ဖြစ်ပြီး ၁ ညအိပ် ၂ရက် ဟု ဖြေဆိုသူမှာ အများဆုံး (Mode) ရှိသည်ကိုတွေ့ရှိရမည် ဖြစ်ပါသည်။

(ဇ) ပြည်တွင်းခရီးသည် **၄၀ ရာခိုင်နှုန်း**မှာ ဟိုတယ်နှင့် အလားတူတည်းခိုရိပ်သာများတွင် တည်းခိုကြပြီး၊ **၃၀ ရာခိုင်နှုန်း**သည် သူငယ်ချင်း/ဆွေမျိုးနေအိမ်များ၌ တည်းခိုကြပါသည်။ **၁၉ ရာခိုင်နှုန်း**မှာ တည်းခိုရိပ်သာများ၌လည်းကောင်း၊ ၃ ရာခိုင်နှုန်းမှာ အဆောင်များနှင့် အခြားနေရာများတွင် လည်းကောင်း တည်းခိုခဲ့ကြသည်ကို တွေ့ရှိရပါသည်။ ၅ ရာခိုင်နှုန်းမှာ ဘုန်းကြီးကျောင်းများနှင့် နေချင်းပြန်လည်ပတ်ကြသူများ ဖြစ်ကြပါသည်။

(ဈ) ၂၀၂၄ ခုနှစ်အတွင်း ပြည်တွင်းခရီးသည်များ **"အများဆုံး"** သွားလာခဲ့သည့် ခရီးစဉ်ဒေသများကို မေးမြန်းခဲ့ရာ ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ ပုဂံ၊ နေပြည်တော်၊ ကျိုက်ထို၊ ပုသိမ်၊ ငွေဆောင်၊ ပြင်ဦးလွင်တို့မှာ ပြည်တွင်းခရီးသည်များ အများဆုံးလည်ပတ်ကြသည့် ခရီးစဉ်ဒေသများဖြစ်သည်ကို တွေ့ရှိရပါသည်။

(ည) လက်ရှိခရီးစဉ်အတွင်း ပြည်တွင်းခရီးသည်များသည် ခရီးစဉ်တစ်ခုကုန်ကျစရိတ်စုစုပေါင်း၏ ၃၆ ရာခိုင်နှုန်းကို သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက်၊ ဈေးဝယ်ခြင်းအတွက် ၂၀ ရာခိုင်နှုန်း၊ တည်းခိုနေထိုင်ရေး၊ အစားအသောက်နှင့် အဖျော်ယမကာအတွက် ၁၃ ရာခိုင်နှုန်း၊ အခြားကဏ္ဍများအတွက် ၁၀ ရာခိုင်နှုန်းနှင့် အပန်းဖြေခြင်းအတွက် ၇ ရာခိုင်နှုန်း အသုံးပြုခဲ့ကြသည်ကို တွေ့ရှိရပါသည်။

(ဋ) ခရီးသွားဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ ပြည်တွင်းခရီးသည်များ၏ စိတ်ကျေနပ်မှုအဆင့်သတ်မှတ်ချက်မှာ စိတ်မကျေနပ်မှု ၅၃ ရာခိုင်နှုန်းရှိပြီး စိတ်ကျေနပ်မှုမှာ ၂၁ ရာခိုင်နှုန်းရှိကာ သာမန်အဆင့်မှာ ၂၂ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပါသည်။

(ဠ) ခရီးသွား ၄၁ ရာခိုင်နှုန်းသည် အခြေခံလိုအပ်ချက်အဆောက်အအုံများအား အဆင့်မြင့်တင်ရန်၊ ၁၆ ရာခိုင်နှုန်းမှာ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုအား တိုးမြှင့်ပေးရန်နှင့် ၁၂ ရာခိုင်နှုန်းမှာ သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်အား လျှော့ချပေးရန် အသီးသီးအကြံပြုကြပါသည်။

ပြည်တွင်းခရီးသည်စစ်တမ်း ၂၀၂၄ စစ်တမ်းလေ့လာတွေ့ရှိချက်များမှ ရရှိလာသည့်အကြံပြုချက်များသည် လာမည့်နှစ်အတွင်း ပြည်တွင်းခရီးသည်စစ်တမ်းဆောင်ရွက်ရန်အတွက် များစွာအထောက်အပံ့ဖြစ်စေမည် ဖြစ်ပါသည်။ ပြည်တွင်းခရီးသည်စစ်တမ်းသည် ခရီးသွားလုပ်ငန်းကဏ္ဍအတွင်းရှိ ပုဂ္ဂလိကကဏ္ဍအဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များအတွက် ပြည်တွင်းခရီးသည်များ၏ ခရီးသွားလာမှုဆိုင်ရာအလေ့အထများကို သိရှိပြီး ထုတ်ကုန်များနှင့် ဝန်ဆောင်မှုအရည်အသွေးများတိုးမြှင့် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ခရီးစဉ်ဒေသများရှိ ဒေသခံစီးပွားရေးလုပ်ငန်းများအကျိုးဖြစ်ထွန်းစေခြင်းနှင့် ပြည်တွင်းခရီးသည်များအား ပိုမိုကောင်းမွန်သည့်ဝန်ဆောင်မှုအသစ်များ ထပ်မံပံ့ပိုးပေးနိုင်ခြင်း အစရှိသည့်အကျိုးကျေးဇူးများဖြင့် အထောက်အပံ့ပြုနိုင်မည် ဖြစ်ပါသည်။

x/ စာမျက်နှာ

# ၁။ နိဒါန်း


မြန်မာနိုင်ငံ၏ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) တွင် လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးများဟူ၍ ကဏ္ဍကြီး (၃) ရပ် ပါဝင်ပြီး ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍသည် ဝန်ဆောင်မှုကဏ္ဍကြီး၏ အခြားဝန်ဆောင်မှုကဏ္ဍတွင် ပါဝင်လျက်ရှိရာ နိုင်ငံ့ဝင်ငွေအား အထောက်အပံ့ပြုလျက်ရှိပါသည်။ အခြားစီးပွားရေးလုပ်ငန်းများနှင့်နှိုင်းယှဉ်လျှင် ခရီးသွားလုပ်ငန်းသည် မီးခိုးမထွက်သော စီးပွားရေးလုပ်ငန်းအမျိုးအစားဟူ၍ တင်စားနိုင်သည့်အတွက် ကမ္ဘာ့နိုင်ငံအသီးသီးသည် ခရီးသွားလုပ်ငန်းအား နိုင်ငံ၏အဓိကစီးပွားရေးလုပ်ငန်းအဖြစ် ဖော်ဆောင်လျက်ရှိကြပါသည်။

ကမ္ဘာ့တစ်ဝှမ်း၌ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားခဲ့သည့်ကာလအတွင်း နိုင်ငံအသီးသီး၌ ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်ချက်များရှိသည့်အတွက် ကမ္ဘာတစ်ဝှမ်းရှိ နိုင်ငံတကာခရီးသွားလုပ်ငန်းများ ရပ်ဆိုင်းခဲ့ရပါသည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ ပြည်တွင်းခရီးသည်လုပ်ငန်းသည် ကမ္ဘာ့ကပ်ရောဂါကြောင့် အထိနာခဲ့သည့် ကမ္ဘာ့နိုင်ငံအသီးသီးရှိ လူမှုစီးပွားရေးများအား ပြန်လည်ကုစားနိုင်သည်သာမက ခရီးသွားကဏ္ဍအတွင်း၌ နိုင်ငံတကာခရီးသွားလုပ်ငန်းထက် ပိုမိုလျင်မြန်စွာ ကောင်းမွန်လာနိုင်သည့်အတွက် ပြည်တွင်းခရီးသည်လုပ်ငန်းအား အားသွန်ခွန်စိုက်ဖော်ဆောင်ကြရန် တိုက်တွန်းခဲ့ပါသည်။ မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် နိုင်ငံတကာပြည်ဝင်ခရီးသွားများသည် ရောဂါမဖြစ်ပွားသေးသည့်ကာလ ၂၀၁၉ ခုနှစ်နှင့်နှိုင်းယှဉ်လျှင် သိသိသာသာကျဆင်းခဲ့သော်လည်း ပြည်တွင်းခရီးသွားလုပ်ငန်းကဏ္ဍမှာ ၂၀၂၃ ခုနှစ်တွင် ၂၀၁၉ ခုနှစ် ကာလရှိ ခရီးသွားလုပ်ငန်းအခြေအနေကို ကျော်လွန်လာခဲ့ပြီ ဖြစ်ပါသည်။ ထို့အတွက် ကုလသမဂ္ဂကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (UNWTO) အထွေထွေအတွင်းရေးမှူးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်သည် နိုင်ငံတကာခရီးသွား လုပ်ငန်းထက် ပြည်တွင်းခရီးသည်လုပ်ငန်းအား ပိုမိုကောင်းမွန်အောင်ဆောင်ရွက်နိုင်ရန် မျှော်မှန်းချက်ထား ဆောင်ရွက်ကြရမည်ဖြစ်သည်။

၂၀၂၄ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ သွားရောက်လည်ပတ်ခဲ့သည့် ပြည်တွင်း ခရီးသွားဧည့်သည်ပေါင်း ၁၀.၅၁၇ သန်းရှိပြီး ၂၀၂၃ ခုနှစ်တွင် ၁၀.၆၂၄ သန်းရှိခဲ့ရာ ၁ ရာခိုင်နှုန်း လျော့နည်း ခဲ့သည်ကို တွေ့ရှိရပါသည်။ သို့သော် ၂၀၂၄ ခုနှစ်တွင် ပြည်တွင်းခရီးသည်ဦးရေသည် ကိုဗစ် (၁၉) မတိုင်မီကာလ ၂၀၁၉ ခုနှစ် ခရီးသွားလည်ပတ်မှုနှင့်နှိုင်းယှဉ်လျှင် ၁၀၀ ရာခိုင်နှုန်း တိုးတက်များပြား

၁/ စာမျက်နှာ

ခဲ့သည်ကို တွေ့ရှိရပါသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီး၌ ပြည်တွင်းခရီးသွားလာမှုအား ဇယား (၁-၁) တွင် ဖော်ပြထားရှိပါသည်။




ပုံ (၁-၁) ၂၀၁၈ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ နှစ်အလိုက် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီး၌ ပြည်တွင်းခရီးသည်ဧည့်သည်တည်းခိုဝင်ရောက်မှု

၂/ စာမျက်နှာ

**ဇယား (၁-၁) ၂၀၁၈ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ နှစ်အလိုက် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီး၌ ပြည်တွင်းခရီးသည်ဝင်ရောက်မှု**

ဦးရေ(သန်းပေါင်း)

| State & Regions | 2018 | 2019 | 2020 | 2021 | 2022 | 2023 | 2024 |
|---|---|---|---|---|---|---|---|
| NayPyiTaw Council | 0.32 | 0.35 | 0.15 | 0.12 | 0.29 | 0.454 | 0.456 |
| Kachin | 0.12 | 0.13 | 0.06 | 0.06 | 0.16 | 0.259 | 0.130 |
| Kayah | 0.17 | 0.17 | 0.07 | 0.00 | 0.01 | 0.002 | 0.000 |
| Kayin | 0.09 | 0.10 | 0.06 | 0.04 | 0.14 | 0.335 | 0.430 |
| Chin | 0.02 | 0.03 | N/A | N/A | N/A | 0.004 | N/A |
| Sagaing | 0.17 | 0.19 | 0.11 | 0.05 | 0.05 | 0.132 | 0.107 |
| Tanintharyi | 0.12 | 0.12 | 0.12 | 0.07 | 0.12 | 0.256 | 0.285 |
| Bago | 0.27 | 0.35 | 0.16 | 0.15 | 0.20 | 0.230 | 0.250 |
| Magway | 0.13 | 0.14 | 0.06 | 0.04 | 0.08 | 0.102 | 0.233 |
| Mandalay | 1.14 | 1.04 | 0.30 | 0.32 | 1.20 | 2.165 | 2.588 |
| Mon | 0.29 | 0.36 | 0.09 | 0.07 | 0.14 | 0.794 | 0.755 |
| Rakhine | 0.10 | 0.09 | 0.05 | 0.06 | 0.15 | 0.271 | 0.017 |
| Yangon | 1.11 | 1.79 | 0.53 | 0.62 | 1.27 | 2.571 | 2.501 |
| Shan | 0.43 | 0.45 | 0.24 | 0.21 | 1.03 | 1.413 | 1.356 |
| Ayeyawaddy | 0.46 | 0.50 | 0.20 | 0.34 | 0.93 | 1.636 | 1.409 |
| **Total** | **4.94** | **5.80** | **2.20** | **2.14** | **5.78** | **10.624** | **10.517** |

*ရင်းမြစ် - ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန*

၃/ စာမျက်နှာ

## ၂။ ရည်ရွယ်ချက်များ

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ဒုတိယအပတ်မှ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ပထမအပတ်အထိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ခရီးသွားလုပ်ငန်းသုတေသနဌာနစိတ်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် (၁၂) ခုရှိ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနရုံးခွဲအသီးသီးတို့မှ ၂၀၂၄ ပြည်တွင်းခရီးသည်စစ်တမ်းအား အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခဲ့ပါသည် -

(၁) စစ်တမ်းကောက်ယူသည့်နေရာ၊ ဒေသများအလိုက် ပြည်တွင်းခရီးသည်လုပ်ငန်းဆိုင်ရာအချက်အလက်များ ရရှိနိုင်ရန်။

(၂) ပြည်တွင်းခရီးသည်များ၏ ခရီးသွားလာခြင်းဆိုင်ရာသဘောသဘာဝများကို နားလည်ခြင်းဖြင့် ဈေးကွက်ရှာဖွေရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ပိုင်းခြားစိတ်ဖြာနိုင်ရန်။

(၃) ပြည်တွင်းခရီးသည်လုပ်ငန်းဆိုင်ရာ စာရင်းဇယားများ ဖော်ထုတ်ရရှိနိုင်ရန်။

(၄) ခရီးစဉ်များတွင် ပိုမိုကောင်းမွန်သောဝန်ဆောင်မှုများ မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် မတူညီသော ဝန်ဆောင်မှုများနှင့် စိတ်ကျေနပ်မှုကို လေ့လာအကဲဖြတ်ရန်။

# ၃။ သုတေသနနည်းလမ်း

## ၃.၁။ နမူနာကောက်ယူမှုနည်းလမ်း (Sampling Method)

နမူနာကောက်ယူမှုနည်းလမ်း (Sampling Method) တွင် နမူနာဦးရေ အရေအတွက်နှင့် ကောက်ယူခြင်း အခြေအနေကို ထည့်သွင်းစဉ်းစားပြီး စစ်တမ်းကောက်ယူမှုနည်းလမ်းကို ဖော်ဆောင်ထားပါသည်။ လူဦးရေအရေအတွက်များစွာထံမှ အချက်အလက်ရယူခြင်းသည် ကုန်ကျစရိတ်များစွာ ကုန်ကျပြီး အချိန်ယူဆောင်ရွက်ရသည့် လုပ်ငန်းလည်းဖြစ်သည့်အတွက် နမူနာစစ်တမ်းကောက်ယူခြင်း နည်းလမ်းကို အသုံးပြုဖော်ဆောင်ခြင်း ဖြစ်ပါသည်။

၂၀၂၄ ပြည်တွင်းခရီးသည်စစ်တမ်းကောက်ယူရာတွင် **ရည်ရွယ်ချက်ကိုအခြေခံပြီး နမူနာကောက်ယူခြင်း (Purposive Sampling/ Judgment Sampling)** နှင့် **ဖြေဆိုသူ သဘောဆန္ဒအလျောက် ပါဝင်မှုများဖြင့် နမူနာကောက်ယူခြင်း (Voluntary Response Sampling)** နည်းလမ်းများအား အသုံးပြုခဲ့ပါသည် -

(က) **ရည်ရွယ်ချက်ကို အခြေခံပြီး နမူနာကောက်ယူခြင်း (Purposive Sampling/ Judgment Sampling)** သည် မိမိကောက်ယူလိုသည့် နမူနာအုပ်စုအား ပစ်မှတ်ထား၍ ကျပန်းနမူနာ ကောက်ယူသည့် နည်းလမ်းဖြစ်ပါသည်။ ခရီးသွားလုပ်ငန်းသုတေသန စစ်တမ်းကောက်ယူသည့် အဖွဲ့များသည် သတ်မှတ်ထားသည့် ခရီးစဉ်ဒေသများ၊ ထွက်ပေါက်များနှင့် တည်းခိုသည့်နေရာများရှိ ပြည်တွင်းခရီးသည်များအား ဦးတည်ထား၍ ကျပန်းရွေးချယ်ကောက်ယူခဲ့ပါသည်။

(ခ) **ဖြေဆိုသူ သဘောဆန္ဒအလျောက် ပါဝင်မှုများဖြင့် နမူနာကောက်ယူခြင်း (Voluntary Response Sampling)** သည် မိမိသဘောဆန္ဒအလျောက် ပါဝင်ဖြေဆိုသူများကို နမူနာအဖြစ် စစ်တမ်းကောက်ယူသည့် အမျိုးအစားဖြစ်သည်။ သုတေသနအဖွဲ့အနေဖြင့် စစ်တမ်းမေးခွန်းအတွက် Question QR Code Link များ ပါဝင်သော လက်ကမ်းစာစောင်များအား ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနမှ သုတေသနစစ်တမ်းကောက်ယူရာ မြို့များရှိ ခရီးစဉ်ဒေသများ၊ ထွက်ပေါက်များနှင့် ဟိုတယ်များတွင် ဖြန့်ဝေကာ ဖြေဆိုသူဆန္ဒအလျောက် Online မှ တစ်ဆင့်ဖြေဆိုမှုကို မှတ်တမ်းတင်ကောက်ယူခဲ့ပါသည်။

(ဂ) **စစ်တမ်းနမူနာအရေအတွက် တွက်ချက်မှု နည်းလမ်းမှာ-**

ခန့်မှန်းကောက်ယူလိုသည့် နမူနာစစ်တမ်းအရွယ်အစားအား သိလိုသည့်အခါတွင် တွက်ချက်နိုင်သည်။ လူဦးရေအရွယ်အစားတစ်ခုချင်း (ကဏ္ဍတစ်ခုချင်း) စီအလိုက် နမူရာအရွယ်အစား သတ်မှတ်ချက်ရရှိနိုင်သည့် စံသတ်မှတ်ချက်ရှိသည့် နမူနာအရွယ်အစား တွက်ချက်နိုင်သည့် ဖော်မြူလာဖြစ်သည်။ ၂၀၂၃ ခုနှစ် ပြည်တွင်းခရီးသည်ပေါ် အခြေခံ၍ ၂၀၁၉ ခုနှစ် ကုလသမဂ္ဂ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့၏ ပညာရှင်များ၏ အကြံပြုထားသည့်ဖော်မြူလာဖြင့် နမူနာအရွယ်အစားအား တွက်ချက်ထားပါသည်။

ပြည်တွင်းခရီးသည် စစ်တမ်းကောက်ယူခြင်းအတွက် **ကုလသမဂ္ဂကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့မှ ရည်ညွှန်းထားသည့် နမူနာအရွယ်အစား တွက်ချက်နိုင်သည့်ဖော်မြူလာ**

UNWTO refer the Krejcie- Morgan (1970) formula:

+˙ . 0 1

ɛ̀ سي ――――――――――

. طي ρ %˙ طي +˙ 0 1

Where:

n = Sample Size

N = Population Size

P = Proportion in which the characteristics under study appears in the population (share of tourists travelling on a package tour)

E = allowable error, i.e., the maximum error accepted in estimating the characteristics under study (E=0.05)

K = Normal score base on desired confidence level = 1.96

## ၃.၂။ နမူနာစစ်တမ်းကောက်ယူရန် နေရာများသတ်မှတ်ခြင်း အစီအစဉ်

၂၀၁၉ ခုနှစ်က ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ပညာရှင်များ၏ အကြံပြုထားသည့် ဖော်မြူလာအား အသုံးပြု၍ စစ်တမ်းနမူနာအရွယ်အစားအား တွက်ချက်ခဲ့ပါသည်။ ၂၀၂၄ ခုနှစ် ပြည်တွင်းခရီးသည်စစ်တမ်း ဆောင်ရွက်ရသည့် ရည်ရွယ်ချက်သည် မြန်မာနိုင်ငံအတွင်းရှိ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန

ရုံးခွဲများရှိသည့် နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၂ ခုရှိ ခရီးစဉ်ဒေသများနှင့် ထွက်ပေါက်ဂိတ်များဖြစ်သည့် ကားဂိတ်၊ လေဆိပ်၊ ရေဆိပ်တို့တွင် ပြည်တွင်းခရီးသည်များအား စစ်တမ်းကောက်ယူသွားရန်အတွက် နမူနာစစ်တမ်းကောက်ယူမည့်နေရာများအား သတ်မှတ်စီစဉ်ခဲ့ပါသည်။

(က) ၂၀၂၄ ပြည်တွင်းခရီးသည်စစ်တမ်းအား နှစ်ပတ်လည်စစ်တမ်းအစီရင်ခံစာတွင် ဖော်ပြပါရှိသည့် ပြည်တွင်းခရီးသည်အားလုံးအား အကျုံးဝင်စေသည့် အိမ်ထောင်စုများသို့ သွားရောက်မေးမြန်းသည့် စစ်တမ်း (Household Survey) ပုံစံဆောင်ရွက်နိုင်သော်လည်း မြန်မာနိုင်ငံ၌ လက်ရှိအခြေအနေကြောင့် အဆိုပါပုံစံဖြင့် စစ်တမ်းဆောင်ရွက်ရန် အခက်အခဲများစွာရှိသည့်အတွက် ခရီးသွားလုပ်ငန်းသုတေသနဌာနစိတ်မှ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနရုံးခွဲများ ရုံးစိုက်ရာဒေသများရှိ ခရီးစဉ်ဒေသများ၌ စစ်တမ်းကောက်ယူရန် တင်ပြခဲ့ပြီး ခရီးသည်ဝင်ရောက်မှု အနည်းဆုံးနှင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲရှိသည့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့မှလွဲ၍ ပြည်ထောင်စုနယ်မြေအပါအဝင် အခြားပြည်နယ်နှင့် တိုင်းဒေသကြီး (၁၂) ခုတို့ရှိ ရုံးခွဲအသီးသီးရှိသည့် ခရီးစဉ်ဒေသများ၌ စစ်တမ်းဆောင်ရွက်ရန် စီစဉ်ခဲ့ပါသည်။ အဆိုပါရုံးခွဲအသီးသီးမှ သင့်လျော်သည့် မြို့ပေါင်း ၃၀ ရှိ ခရီးစဉ်ဒေသများနှင့် ခရီးစဉ်ဒေသရှိ ထွက်ပေါက်ဂိတ်များဖြစ်သည့် ကားဂိတ်၊ လေဆိပ်၊ ရေဆိပ်တို့တွင် စစ်တမ်းဆောင်ရွက်ခဲ့ပါသည်။

(ခ) ခရီးသွားလုပ်ငန်း သုတေသနအဖွဲ့မှ QR Code Link ဖြင့် အွန်လိုင်းစစ်တမ်း ကောက်ယူရန် စီမံထားပြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ အကြံပြုချက်အရ သတ်မှတ်ထားသည့် ဟိုတယ်များတွင် အဆိုပါ အွန်လိုင်းစစ်တမ်း QR Code ဖော်ပြထားသော လက်ကမ်းစာစောင်များအား ဖြန့်ဝေ၍ ဖြေဆိုသူသဘောဆန္ဒအရ နမူနာကောက်ယူခြင်း နည်းလမ်းဖြင့် ကောက်ယူသွားရန် စီမံဆောင်ရွက်ခဲ့ပါသည်။

## ၃.၂.၁။ကောက်ယူခဲ့သည့် နေရာအလိုက် ပြီးပြည့်စုံသည့် နမူနာစစ်တမ်းလွှာများ

ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၂ ခုရှိ မြို့ပေါင်း ၃၀ ရှိ ထွက်ပေါက် (ကားဂိတ်၊ ပြည်တွင်းလေဆိပ်၊ မီးရထားဘူတာ) ၂၃ ခုနှင့် ခရီးသွားဆွဲဆောင်ရာနေရာ (ဘုရား၊ ပန်းခြံ၊ တိရိစ္ဆာန်ဥယျာဉ်၊ အပန်းဖြေနေရာ) ၁၃၆ ခု တို့၌ နမူနာစစ်တမ်းစုစုပေါင်း ၇,၁၇၉ စောင် ကောက်ယူနိုင်ခဲ့ပါသည်။ စစ်တမ်းအား ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် မြို့များတွင်ကောက်ယူနိုင်ခဲ့သည့် နမူနာအရေအတွက်ဇယားမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

## ဇယား (၃-၂-၁) ပြည်တွင်းခရီးသည်စစ်တမ်း ၂၀၂၄ တွင် ကောက်ယူခဲ့သည့် ပြီးပြည့်စုံသည့် နမူနာများ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့ | မျက်နှာချင်းဆိုင် တွေ့ဆုံမေးမြန်းမှု | အွန်လိုင်းမှQR Code ဖြင့်ဖြေဆိုခြင်း | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | နေပြည်တော် | နပတ | ၃၅၀ | - | ၃၅၀ |
| ၂။ | ကချင် | မြစ်ကြီးနား | ၁၀၀ | - | ၁၀၀ |
| | | ပူတာအို | ၉၀ | - | ၉၀ |
| ၃။ | ကရင် | ဘားအံ | ၁၄၉ | ၁ | ၁၅၀ |
| | | မြဝတီ | ၆၅ | - | ၆၅ |
| ၄။ | မွန် | မော်လမြိုင် | ၁၇၃ | ၁ | ၁၇၄ |
| | | ကျိုက်ထို | ၂၀၁ | ၃ | ၂၀၄ |
| ၅။ | ရှမ်း | တောင်ကြီး/ အင်းလေး | ၄၄၈ | ၂ | ၄၅၀ |
| | | ကလော | ၁၅၀ | - | ၁၅၀ |
| | | မူဆယ် | ၁၂၅ | - | ၁၂၅ |
| | | ကျိုင်းတုံ | ၂၄၇ | ၃ | ၂၅၀ |
| | | တာချီလိတ် | ၂၅၀ | - | ၂၅၀ |
| ၆။ | ရန်ကုန် | ရန်ကုန် | ၁,၆၀၈ | ၂ | ၁၆၁၀ |
| ၇။ | စစ်ကိုင်း | မုံရွာ | ၂၅ | ၃ | ၂၈ |
| | | စစ်ကိုင်း/ မင်းကွန်း | ၃၈ | ၂ | ၄၀ |
| | | ရွှေဘို | ၂၅ | - | ၂၅ |
| ၈။ | တနင်္သာရီ | ထားဝယ် | ၆၅ | - | ၆၅ |
| | | ကော့သောင်း | ၇၀ | - | ၇၀ |
| | | မြိတ် | ၄၅ | - | ၄၅ |
| ၉။ | ပဲခူး | ပဲခူး | ၁၀၀ | - | ၁၀၀ |
| | | တောင်ငူ | ၅၄ | ၁၃ | ၆၇ |
| | | ပြည် | ၇၀ | - | ၇၀ |

၈/ စာမျက်နှာ

| | | | | | |
|---|---|---|---|---|---|
| ၁၀။ | မကွေး | မကွေး | ၉၈ | ၂ | ၁၀၀ |
| ၁၁။ | မန္တလေး | မန္တလေး | ၆၆၇ | ၃ | ၆၇၀ |
| | | ပုဂံ | ၄၁၉ | ၁ | ၄၂၀ |
| | | ပြင်ဦးလွင် | ၂၆၃ | ၆ | ၂၆၉ |
| | | ကျောက်ဆည် | ၁၄၀ | - | ၁၄၀ |
| ၁၂။ | ရောဝတီ | ပုသိမ် | ၁၀၀ | - | ၁၀၀ |
| | | ချောင်းသာ | ၄၉၈ | ၂ | ၅၀၀ |
| | | ငွေဆောင် | ၅၀၀ | - | ၅၀၀ |
| | **စုစုပေါင်း** | | **၇,၁၃၄** | **၄၅** | **၇၁၇၉** |

၉/ စာမျက်နှာ

## ၃.၃။ စစ်တမ်းမေးခွန်းလွှာ (Survey Questionnaire)

စစ်တမ်းမေးခွန်းလွှာသည် ဖြေဆိုသူများထံမှ အချက်အလက်များရရှိနိုင်ရေး သုတေသနဆောင်ရွက်ရာတွင် မေးမြန်းလိုသည့် မေးခွန်းများကို စနစ်တကျပြင်ဆင်ပြီး ကောက်ယူခဲ့ခြင်းဖြစ်ပါသည်။ ပြည်တွင်းခရီးသည်စစ်တမ်း ၂၀၂၄ အတွက် စစ်တမ်းမေးခွန်းလွှာအား ကွန်ပျူတာအထောက်အကူပြု တွေ့ဆုံမေးမြန်းမှုစနစ် (CAPI) မေးခွန်းလွှာပုံစံဖြင့် ဆောင်ရွက်ထားရှိပါသည်။ ဖြေဆိုသူများ ဆန္ဒအလျောက်ဖြေဆိုနိုင်ရန်အတွက် QR Code Link ဖြင့် မေးခွန်းလွှာများကိုလည်း ဆောင်ရွက်ထား ရှိပါသည်။ ပြည်တွင်းခရီးသည်များကိုသာ ဦးတည်မေးမြန်းခြင်း ဖြစ်သည့်အတွက် သုတေသနမေးခွန်းလွှာအား မြန်မာဘာသာဖြင့် ပြင်ဆင်ထားရှိပါသည်။ (နောက်ဆက်တွဲအခန်းတွင် စစ်တမ်းမေးခွန်းလွှာအား မြန်မာဘာသာဖြင့် အသေးစိတ်ဖော်ပြထားပါသည်။)

### ၃.၃.၁။စစ်တမ်းမေးခွန်းလွှာတွင် ပါဝင်သည့် အဓိကအချက်အလက်များ

ပြည်တွင်းခရီးသည်စစ်တမ်း ၂၀၂၄ သုတေသနမေးခွန်းလွှာတွင် အောက်ပါအတိုင်း အပိုင်း (၃) ပိုင်း ပါဝင်ပါသည်။

**အပိုင်း (၁) ဖြေဆိုသူ၏ ကိုယ်ရေးအချက်အလက်**

၁) တိုင်းဒေသကြီး/ပြည်နယ်အလိုက် အမြဲတမ်းနေထိုင်ရာဒေသ

၂) ကိုယ်ရေးအချက်အလက် (အသက်အရွယ်၊ လိင်အမျိုးအစား၊ အလုပ်အကိုင်စသည်ဖြင့်)

**အပိုင်း (၂) ၂၀၂၄ ခုနှစ်အတွင်း ခရီးသွားအတွေ့အကြုံ**

၁) ၂၀၂၄ ခုနှစ်အတွင်း ခရီးသွားအတွေ့အကြုံ (ခရီးစဉ်ပေါင်း၊ နေထိုင်သည့်ရက်ပေါင်း၊ သွားရောက်လည်ပတ်သည့်နေရာများ၊ စုစုပေါင်းခန့်မှန်းအသုံးစရိတ်)

**အပိုင်း (၃) လက်ရှိခရီးစဉ်ဒေသဆိုင်ရာ အချက်အလက်များ**

၁) ခရီးသွားလာရသည့် အဓိကရည်ရွယ်ချက်

၂) ကိုယ်ပိုင်အစီအစဉ်/ ခရီးသွားကုမ္ပဏီ

၃) ခရီးသွားဖော်များ

၄)	တည်းခိုနေထိုင်သည့်ကာလ

၅)	တည်းခိုရိပ်သာအမျိုးအစားများ

၆)	ခရီးစဉ်ဒေသအတွင်း အသုံးပြုသည့် သယ်ယူပို့ဆောင်ရေးနည်းလမ်းများ

၇)	ခရီးစဉ် အစ-အဆုံး

၈)	အဓိကခရီးစဉ်ဒေသများ

၉)	ပြည်တွင်းခရီးသည်စုစုပေါင်း ပြည်တွင်းခရီးအသုံးစရိတ်နှင့် ကဏ္ဍအလိုက် အသုံးစရိတ်များ (နေထိုင်ရေးကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ အစားအသောက်ကဏ္ဍ၊ ဈေးဝယ်ရေးနှင့် ဝယ်ယူခြင်းကဏ္ဍနှင့် အခြားကဏ္ဍ)

၁၀)	ခရီးစဉ်ဆိုင်ရာ စိတ်ကျေနပ်မှုအဆင့်

၁၁)	ခရီးသွားလုပ်ငန်းဆိုင်ရာ အကြံပြုချက်များ

## ၃.၄။ စစ်တမ်းဖြေဆိုသူများနှင့် စစ်တမ်းဆောင်ရွက်မည့် နေရာများ

၂၀၂၄ ခုနှစ် ပြည်တွင်းခရီးသည်စစ်တမ်းအတွက် ဖြေဆိုသူအမျိုးအစားတွင် အောက်ဖော်ပြပါ စစ်တမ်းဖြေဆိုသူ အမျိုးအစားများ ပါဝင်ပါသည် -

(၁) နေ့ချင်းပြန် ပြည်တွင်းခရီးသည်များ

(၂) ညအိပ် ပြည်တွင်းခရီးသည်များ (ဟိုတယ်များ၊ မိတ်ဆွေ၊ သူငယ်ချင်း၊ ဆွေမျိုးများ နှင့်အတူ ခရီးစဉ်ဒေသများသို့ သွားရောက်လည်ပတ်သည့် ဟိုတယ်နှင့်အလားတူ တည်းခိုရိပ်သာများတွင် တည်းခိုသည့် ခရီးသွားများ)

နေ့ချင်းပြန် ပြည်တွင်းခရီးသည်များမှာ သယ်ယူပို့ဆောင်ရေး၊ နေထိုင်ရေး၊ အစားအသောက်နှင့် အပန်းဖြေခြင်းအစရှိသည့် ခရီးသွားဝန်ဆောင်မှုတစ်ခုခုအားအသုံးပြု၍ ကီလိုမီတာ ၅၀ သို့မဟုတ် ကီလိုမီတာ ၅၀ အထက် ကွာဝေးသော (သို့မဟုတ်) ၄ နာရီခန့် ကြာမြင့်သော မြန်မာနိုင်ငံအတွင်းရှိ ခရီးစဉ်ဒေသသို့ သွားရောက်ရာတွင် အဆိုပါခရီးစဉ်ဒေသ၌ ၂၄ နာရီအောက် လျော့နည်းနေထိုင်သူများကို ဆိုလိုပါသည်။

ညအိပ်ခရီးသည်များမှာ မြန်မာနိုင်ငံအတွင်း ခရီးသွားရာတွင် အနည်းဆုံး ၂၄ နာရီထက် ပိုနေပြီး ခရီးစဉ်ကာလ ၁၂ လအောက်သာ ကြာမြင့်သည့် ခရီးသွားသူများကို ဆိုလိုပါသည်။ ကီလိုမီတာ ၅၀ နှင့် အထက် ခရီးစဉ်အစ-အဆုံးသို့ လေးနာရီနှင့်အထက် ခရီးသွားရသော မြန်မာနိုင်ငံအတွင်းရှိ နေရာ/

ခရီးစဉ်ဒေသသို့ ခရီးသွားအထောက်အကူပြုပစ္စည်းများဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးယာဉ်များကို အသုံးပြု၍ ညအိပ်လာရောက်သူများ၊ နေရာထိုင်ခင်း၊ အစားအသောက်နှင့် အဖျော်ယမကာနှင့် အပန်းဖြေမှုတို့ကို အသုံးပြုသူများ ဖြစ်ကြပါသည်။

## ၃.၅။ အချက်အလက်ကောက်ယူသည့် နည်းလမ်းများနှင့် လုပ်ငန်းစဉ်များ

ပြည်တွင်းခရီးသည်စစ်တမ်း ၂၀၂၄ ဆောင်ရွက်ရာတွင် စစ်တမ်းအဖွဲ့များသည် Primary Data Collection Methods ၏ ကွန်ပျူတာအထောက်အကူပြု မျက်နှာချင်းဆိုင် တွေ့ဆုံမေးမြန်းခြင်း (Computer Assisted Personal Interview-CAPI) ကို အသုံးပြုခဲ့သည်။ CAPI အင်တာဗျူးများ ဆောင်ရွက်ရာတွင်၊ စစ်တမ်းအဖွဲ့များသည် ဖြေဆိုသူများ၏ သဘောဆန္ဒပေါ်မူတည်၍ သတ်မှတ်ထားသော ထွက်ပေါက်များနှင့် ခရီးစဉ်နေရာများတွင် ပြည်တွင်းဧည့်သည်များထံ ချဉ်းကပ်မေးမြန်းခဲ့ပါသည်။ ပြည်တွင်းခရီးသည်လုပ်ငန်းစစ်တမ်းမေးခွန်းလွှာ QR လင့်ခ်များကို သတ်မှတ်ထားသော စစ်တမ်းကောက်ယူသည့် နေရာများတွင် တည်ရှိသည့် ဟိုတယ်များရှိ ဧည့်သည်များထံမှ ဝေခဲ့ပြီး ဧည့်သည်များ၏ ဆန္ဒအလျောက် အွန်လိုင်းမှတစ်ဆင့် တုံ့ပြန်ဖြေဆိုမှု နမူနာများကို ရယူခဲ့သည်။

အချက်အလက်ကောက်ယူမှုလုပ်ငန်းစဉ်၏ အသေးစိတ်အချက်အလက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

### (၁) ခရီးစဉ်ဒေသများ

ခရီးစဉ်ဒေသများတွင် ဘုရားများ၊ ပန်းခြံများ၊ အပန်းဖြေနေရာများ၊ တိရိစ္ဆာန်ဥယျာဉ်နှင့် အခြားခရီးစဉ်ဒေသများပါဝင်ပါသည်။ ခရီးစဉ်ဒေသများတွင်အချက်အလက်ကောက်ယူခြင်းကို စစ်တမ်းကောက်ယူသည့်မြို့များရှိ ခရီးစဉ်ဒေသများသို့ လာရောက်လည်ပတ်ကြသည့် ဧည့်သည်များအား စစ်တမ်းဖြေဆိုရန် အချိန်ရရှိနိုင်မည့် နားနေချိန်များ၌ မျက်နှာချင်းဆိုင် လူတွေ့မေးမြန်းအချက်အလက်ကောက်ယူခြင်းအား ဆောင်ရွက်ခဲ့ပါသည်။ ဖြေဆိုရန်ကမ်းလှမ်းခံရသည့် ဧည့်သည်မှငြင်းဆိုသည့်အခါတွင်လည်း“ဖြေဆိုရန်ငြင်းဆိုသည်”ဟူ၍မှတ်သားကာ ဖြေကြားမှုရာခိုင်နှုန်းအား တွက်ချက်ပါသည်။ ဖြေဆိုသူဧည့်သည်ဘက်မှ စစ်တမ်းတွင် ပိုမိုပါဝင်ပူးပေါင်းဆောင်ရွက်ရန်အလို့ငှာ မေးမြန်းမှုများမပြုလုပ်မီ စကားချီးအနေဖြင့် ယခုစစ်တမ်းလုပ်ဆောင်ရ

သည့် အဓိကရည်ရွယ်ချက်အားရှင်းပြပြီး ဖြေဆိုရန် သဘောတူညီချက်ရရှိမှသာ အချက်အလက် ကောက်ယူခြင်းအား ဆောင်ရွက်ခဲ့ပါသည်။

**(၂) ထွက်ပေါက်ဂိတ်များ**

ထွက်ပေါက်ဂိတ်များတွင် စစ်တမ်းကောက်ယူမှုသည် သတ်မှတ်ထားသည့် စစ်တမ်းဆောင်ရွက်သည့် ဒေသများရှိ (ကားဂိတ်၊ လေဆိပ်၊ ဘူတာရုံ) အစရှိသည့် ထွက်ပေါက်ဂိတ်များ၌ စစ်တမ်းအားဖြေဆိုရန် အချိန်ရရှိနိုင်မည့် နားနေစောင့်ဆိုင်းချိန်များ၌ လူတွေ့မေးမြန်းခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ဖြေဆိုသူမှစစ်တမ်းတွင် ပြီးပြည့်စုံစွာ ပါဝင်နိုင်ရန်အတွက် မေးမြန်းသူမှ မျက်နှာချင်းဆိုင်မေးမြန်းခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

**(၃) ခရီးစဉ်ဒေသများရှိ ထွက်ပေါက်ဂိတ်များ၊ ခရီးစဉ်ဒေသများ၊ ဟိုတယ်များတွင် QR Form များ ဖြန့်ဝေ၍ ကောက်ယူခြင်း (အွန်လိုင်းမှ စစ်တမ်း ကောက်ယူခြင်း)**

စစ်တမ်းကောက်ယူသည့်အဖွဲ့များသည် ကောက်ယူရန် ရွေးချယ်ထားသည့် ဟိုတယ်များ၊ ခရီးစဉ်ဒေသများနှင့် ထွက်ပေါက်များတွင် မေးခွန်းလွှာပါဝင်သည့် QR Code Link များ ဖြန့်ဝေထားခြင်းဖြင့် ဖြေဆိုလိုသည့်ဧည့်သည်များ ကိုယ်တိုင်ကိုယ်ကျ ဝင်ရောက်ဖြေဆိုနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

အချို့ဧည့်သည်များအနေဖြင့် ချက်ချင်းဖြေဆိုလိုပါကလည်း လက်ကမ်းဖြန့်ဝေသူများက ကူညီပြီး မေးခွန်းများကို ရှင်းလင်းပြောပြခဲ့ပါသည်။ ပြည်တွင်းခရီးသည်စစ်တမ်း QR code Link လက်ကမ်းစာစောင်အား အောက်တွင်ဖော်ပြထားပါသည်။



*ပုံ-၂၀၂၄ ပြည်တွင်းခရီးသည်စစ်တမ်း QR Code Link လက်ကမ်းစာစောင်*

## ၃.၆။ QR Code လက်ကမ်းစာစောင်များ ဖြန့်ဝေထားရှိခြင်း

စစ်တမ်းကောက်ယူသည့် အဖွဲ့သည် ၂၀၂၄ ပြည်တွင်းခရီးသည်စစ်တမ်းတွင် QR Code Link ဖြင့် ခရီးသွားများ ပါဝင်ဖြေဆိုနိုင်ရေးအတွက် ခရီးစဉ်ဒေသ၊ ထွက်ပေါက်နေရာများနှင့် စစ်တမ်း ဧရိယာရှိ ရွေးချယ်ထားသော ဟိုတယ်များမှ ဧည့်သည်များအား လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ပါသည်။ စစ်တမ်းကာလအတွင်း လက်ကမ်းစာစောင် ၁၆၄ စောင်ဖြန့်ဝေခဲ့ရာ ပါဝင်ဖြေဆိုသူ ၄၅ ဦးရှိခဲ့ပါသည်။

## ၃.၇။ စစ်တမ်းကောက်ယူခြင်းဆိုင်ရာ ကန့်သတ်ချက်များ

စစ်တမ်းကောက်ယူခြင်းဆိုင်ရာ ကန့်သတ်ချက်ဆိုသည်မှာ စစ်တမ်းကောက်ယူမှုနည်းလမ်းတွင် အမှား အယွင်းပါရှိခြင်း၊ လေ့လာမည့်နမူနာအရွယ်အစားသေးငယ်ခြင်းနှင့် အရင်းအမြစ်လုံလုံလောက်လောက်မရှိ ခြင်းအစရှိသဖြင့် ဖြစ်ပေါ်နိုင်သည့် အမှားအယွင်းများကို ဆိုလိုပါသည်။ လေ့လာမှုတစ်ရပ်သည် လုံးဝပြီးပြည့်စုံမည်မဟုတ်သဖြင့် အနည်းနှင့်အများ ချွတ်ယွင်းချက်များ ရှိနိုင်ပါသည်။ ထို့ကြောင့် လေ့လာဆန်းစစ်မှုတစ်ခုတွင် ကန့်သတ်ချက်များထားရှိခြင်းသည် အဆိုပါလေ့လာမှုအား ပွင့်လင်း မြင်သာမှုနှင့် ရိုးဖြောင့်မှုရှိစေပါသည်။ ၂၀၂၄ ပြည်တွင်းခရီးသည်စစ်တမ်းဆိုင်ရာကန့်သတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**(က) သုတေသနပုံစံ/ စစ်တမ်းကောက်ယူခြင်းဆိုင်ရာ ကန့်သတ်ချက်များ**

၂၀၂၄ ပြည်တွင်းခရီးသည်စစ်တမ်းသည် မြန်မာနိုင်ငံ၏ ပြည်တွင်းခရီးသည်အားလုံးအား အကျုံးဝင် စေသည့် အိမ်ထောင်စုများသို့ သွားရောက်မေးမြန်းသည့် စစ်တမ်း (Household Survey) ပုံစံဖြင့် ဆောင်ရွက်သင့်သော်လည်း ကန့်သတ်ချက်အချို့ရှိနေခြင်းကြောင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာနအောက်ရှိ သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးရုံးခွဲများရှိ ခရီးစဉ်ဒေသများနှင့် ထွက်ပေါက်ဂိတ်များတွင် ဆောင်ရွက်ခဲ့ရပါသည်။ ပြည်ထောင်စုနယ်မြေအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးတွင် ကောက်ယူရမည်ဖြစ်သော်လည်း ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် လက်ရှိအခက်အခဲများကြောင့် ကောက်ယူနိုင်ခြင်းမရှိဘဲ ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၂ ခုရှိ မြို့ ၃၀ မြို့၌သာ စစ်တမ်းကောက်ယူခဲ့ရပါသည်။

**(ခ) နမူနာစစ်တမ်းအရွယ်အစား ကန့်သတ်ချက်**

စစ်တမ်းကောက်ယူရန်အခက်အခဲရှိသည့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ် နှင့် ကယားပြည်နယ် တို့ အတွက် စစ်တမ်းနမူနာ (၁၈၁) စောင်အပါအဝင် ၂၀၂၄ ခုနှစ်အတွက် ပြည်တွင်းခရီးသည် စစ်တမ်း

ကောက်ယူရမည့် စစ်တမ်းအရေအတွက်မှာ (၇,၃၆၀) စောင်ဖြစ်ပါသည်။ စစ်တမ်းကောက်ယူသည့်ကာလမှာလည်း ပွင့်လင်းရာသီဖြစ်သည့် ဒီဇင်ဘာလပထမပတ်အထိသာ ကောက်ယူနိုင်ခဲ့သောကြောင့် ဒီဇင်ဘာလအတွင်း သွားလာမှု၊ သုံးစွဲမှုပမာဏကို ပျမ်းမျှသာ တွက်ချက်နိုင်ခဲ့ပါသည်။

**(ဂ) အချက်အလက်ကောက်ယူခြင်းနည်းလမ်း (Data Collection Method) ဆိုင်ရာ ကန့်သတ်ချက်**

CAPI မေးခွန်းလွှာကို Tablet/ Smart Phone အသုံးပြု၍ မျက်နှာချင်းဆိုင်လူတွေ့ မေးမြန်းခြင်းနည်းလမ်းအား အသုံးပြုရခြင်းသည် အချက်အလက်များ မှန်ကန်တိကျစွာ ရရှိနိုင်သော်လည်း အချိန်နှင့်လူအင်အား ပိုမိုအသုံးပြုရပြီး အွန်လိုင်းမှတစ်ဆင့် စစ်တမ်းကောက်ယူခြင်းနည်းလမ်းထက် ကုန်ကျစရိတ်ပိုမိုကုန်ကျပါသည်။ မေးခွန်းမေးမြန်းသူများအနေဖြင့် နည်းပညာအခက်အခဲ၊ အထောက်အကူပြုပစ္စည်း (internet/ device) မပြည့်စုံခြင်းများကြောင့် မေးခွန်းမေးမြန်းရာတွင် ကြန့်ကြာမှုများ ဖြစ်ပေါ်နိုင်ပါသည်။

**(ဃ) ဖြေဆိုမှုများနှင့် တုံ့ပြန်မှုဆိုင်ရာ ကန့်သတ်ချက်**

ဖြေဆိုသူများအား ခရီးစဉ်အသုံးစရိတ်များမေးမြန်းသည့်အခါ၌ အချို့ခရီးသည်များသည် ၎င်းတို့၏ခရီးစဉ်တစ်ဝက် သို့မဟုတ် ခရီးစဉ်မပြီးဆုံးသေးသည့်အချိန်ဖြစ်သည့်အတွက် အသုံးစရိတ်ပိုင်းဆိုင်ရာဖြေဆိုမှု၌ ခန့်မှန်းဖြေဆိုမှုကိုသာ ရရှိခဲ့ပါသည်။ ထို့ပြင်ခရီးသွားအသုံးစရိတ်များအား ဖြေဆိုရသည့်အတွက် အသေးစိတ်ဖြေဆိုရန်ခက်ခဲခြင်း၊ အသုံးစရိတ်အလုံးစုံအား မမှတ်မိခြင်းစသည့် အခက်အခဲများလည်း ရှိနိုင်သည့်အတွက် အသုံးစရိတ်ပိုင်းဆိုင်ရာ မေးခွန်းများမေးမြန်းရာတွင် အခက်အခဲတွေ့ကြုံခဲ့ရပါသည်။ သို့ဖြစ်၍ ခရီးသွားများ၏ အသုံးစရိတ်များအား တွက်ချက်ရသည့်အခါမျိုး၌လည်း အခက်အခဲများရှိပါသည်။ ထို့ပြင် ကိုယ်တိုင်ဖြေဆိုသူများတွင် အသုံးစရိတ်ပိုင်းဆိုင်ရာ အချက်အလက်များထည့်သွင်းရန် မေ့လျော့သွားခြင်း/ မဖြေဆိုခြင်းမျိုးကိုလည်း တွေ့ရပါသည်။

**(င) လူ့စွမ်းအားအရင်းအမြစ်လိုအပ်ချက်ဆိုင်ရာ ကန့်သတ်ချက်**

သုတေသနအခြေခံသင်တန်းအား ပို့ချနိုင်ခဲ့သော်လည်း လက်တွေ့စစ်တမ်းကောက်ယူရာတွင် သုတေသနဆိုင်ရာ ကိရိယာ (Research Tool) များအား ကျွမ်းကျင်စွာအသုံးပြုနိုင်ခြင်းနှင့်


တုန့်ပြန်ဖြေဆိုလာသည့် အဖြေများအား ချက်ချင်းဆန်းစစ်နိုင်သည့် အတွေ့အကြုံရှိသော စစ်တမ်းမေးမြန်းသူများဖြစ်ရန် လိုအပ်ပါသည်။ ပြည်တွင်းခရီးသည်စစ်တမ်းကောက်ယူပြီး စစ်တမ်းမေးခွန်းလွှာ (၇,၀၀၀) ကျော်ကို စာရင်းသွင်းဆန်းစစ်ခြင်း၊ အစီရင်ခံစာရေးသားခြင်းတို့ကို ဝန်ထမ်းအင်အားအကန့်အသတ်ဖြင့် ဆောင်ရွက်ရခြင်း၊ တစ်ချိန်တည်းမှာပင် ပြည်ဝင်ခရီးသွား စစ်တမ်း (ဒုတိယအကြိမ်) အတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုကိစ္စရပ်များကို စတင်ဆောင်ရွက်ရခြင်းတို့ကို ဝန်ထမ်းအင်အားအကန့်အသတ်ဖြင့် ဆောင်ရွက်ရပါသည်။

## (စ) လုံခြုံရေးဆိုင်ရာကန့်သတ်ချက်

ပြည်နယ်နှင့်တိုင်းဒေသကြီးအချို့တွင် လုံခြုံရေးဆိုင်ရာကိစ္စရပ်များရှိနေသည့်အတွက် စစ်တမ်းဆောင်ရွက်သည့်အခါ တိုင်းဒေသကြီး၊ ပြည်နယ်များအားလုံးတွင် ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း တွေ့ရှိရပါသည်။



Field interview at Hpaan



Field interview at Yangon Airport



Field interview at
Magamuni Pagoda, Mandalay



Field interview at Kyaing Tong City




Field interview at Myawaddy


# ၄။ လေ့လာတွေ့ရှိချက်များ

## ၄.၁။ စစ်တမ်းမှ လေ့လာတွေ့ရှိချက်များနှင့် သုံးသပ်မှုများ

### ၄.၁.၁။ ဖြေဆိုသူ၏ ကိုယ်ရေးအချက်အလက်များ

#### ၄.၁.၁.၁။ ဖြေဆိုသူ ပြည်တွင်းခရီးသည်များ၏ နေထိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များ





**နမူနာဦးရေ-၇,၁၇၉**

ပုံ (၄-၁-၁-၁) ဖြေဆိုခဲ့သည့် ပြည်တွင်းခရီးသည်များ၏ နေထိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များ

တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် နှိုင်းယှဉ်ကြည့်ပါက ဖြေဆိုသူ၏ ၁၇ ရာခိုင်နှုန်းသည် ဧရာဝတီတိုင်းဒေသကြီးမှဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ၁၆ ရာခိုင်နှုန်း၊ ပဲခူးတိုင်းဒေသကြီးမှ ၉ ရာခိုင်နှုန်း၊ ရှမ်းပြည်နယ်မှ ၈ ရာခိုင်နှုန်း၊ မကွေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ၆ ရာခိုင်နှုန်း၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် နေပြည်တော်တို့မှ ၅ ရာခိုင်နှုန်း အသီးသီးရှိကြပါသည်။

ဖြေဆိုသူပြည်တွင်းခရီးသည်များ၏ ၈၂ ရာခိုင်နှုန်းခန့်သည် မြို့ပြများတွင် နေထိုင်ကြသူများ၊ ၁၁ ရာခိုင်နှုန်းခန့်သည် မြို့နှင့်အနီးအနားပတ်ဝန်းကျင်တွင် နေထိုင်ကြသူများနှင့် ၇ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် နေထိုင်ကြသူများဖြစ်ကြပါသည်။

### ၄.၁.၁.၂။ ခရီးသွားလာမှုအများဆုံးတိုင်းဒေသကြီးနှင့် ပြည်နယ်များအနက်မှ ခရီးသွားလာခဲ့ကြသည့် ခရီးစဉ်ဒေသများ




ပုံ (၄-၁-၁-၂) ခရီးသွားလာမှု အများဆုံး တိုင်းဒေသကြီးနှင့် ပြည်နယ်များအနက်မှ ခရီးသွားလာခဲ့ကြသည့် ခရီးစဉ်ဒေသများ

ဖြေဆိုသူများ၏ ခရီးသွားလာမှုပုံစံအား လေ့လာဆန်းစစ်ရာတွင် ၂၀၂၄ ခုနှစ်တွင် ခရီးသွားလာရာ၌ အများဆုံးခရီးသွားလာခဲ့ကြသည့် ဧရာဝတီတိုင်းဒေသကြီးမှ ခရီးသွားလာသူများသည် မိမိတို့ဒေသအတွင်းရှိ ချောင်းသာနှင့် ငွေဆောင်ကဲ့သို့သော ထင်ရှားသည့်ကမ်းခြေများသို့ သွားလာခဲ့ကြပြီး အခြားမြို့များသို့သွားရောက်လည်ပတ်မှုနည်းပါးသည်ကို တွေ့ရှိရပါသည်။ ရန်ကုန်မြို့သို့လည်း အလုပ်ကိစ္စဖြင့်


၁၈/ စာမျက်နှာ

သော်လည်းကောင်း၊ အလည်အပတ်ဘုရားဖူးအတွက်သော်လည်းကောင်း သွားလာကြသည်ကို တွေ့ရှိရပါသည်။

ရန်ကုန်မြို့မှ ပြည်တွင်းခရီးသည်များသည် အခြားခရီးစဉ်ဒေသများဖြစ်သည့် မန္တလေးနှင့် ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်များသို့ အများဆုံးသွားရောက်လည်ပတ်ကြသည်ကိုတွေ့ရှိရပါသည်။ မန္တလေးမြို့မှ ခရီးသွားလာသူများသည် မိမိတို့ဒေသအတွင်းရှိ ခရီးစဉ်ဒေသများဖြစ်သည့် ပြင်ဦးလွင်၊ ပုဂံ၊ မန္တလေးမြို့တွင်းနေရာများ၊ ရှမ်းပြည်နယ်ရှိ အင်းလေး၊ ညောင်ရွှေဒေသများသို့ အများဆုံးသွားရောက်လည်ပတ်သည်ကို တွေ့ရှိရပါသည်။ ပဲခူးတိုင်းဒေသကြီးမှ ခရီးသွားများသည် တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်သို့ အများဆုံးသွားလာကြပြီး ရှမ်းပြည်နယ်မှ ခရီးသွားများသည် ၎င်းတို့ပြည်နယ်အတွင်းရှိ ခရီးစဉ်ဒေသများနှင့် မန္တလေးတိုင်းဒေသကြီးသို့ အများဆုံးသွားလာကြသည်ကို လေ့လာတွေ့ရှိရပါသည်။

ထို့ကြောင့် တိုင်းဒေသကြီး၊ ပြည်နယ်များအနေဖြင့် မိမိတို့ခရီးစဉ်ဒေသများသို့ ပြည်တွင်းခရီးသည်များ လာရောက်လည်ပတ်စေလိုလျှင် အခြားခရီးစဉ်ဒေသများနှင့် မတူကွဲပြားပြီး ခရီးသွားဧည့်သည်များကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်သည့် ဆန်းသစ်တီထွင်သောလုပ်ရှားဆောင်ရွက်မှုများ ပိုမိုဖော်ဆောင်သွားရန် လိုအပ်မည်ဖြစ်ပါသည်။ ခရီးသွားများအနေဖြင့် ကိုဗစ်အလွန်ကာလများ၊ လက်ရှိဖြစ်ပေါ်နေသောအခြေအနေများကြောင့် ခရီးသွားလာနိုင်ရန် အခွင့်အလမ်းနည်းပါးခဲ့မှုများကြောင့် ယခုအခါ စိတ်အားထက်သန်စွာဖြင့် ပြန်လည်ခရီးသွားလာခြင်း (Revenge Tourism) အနေအထားသို့ ရောက်ရှိလာသည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။

### ၄.၁.၁.၃။ ဖြေဆိုခဲ့သည့် ပြည်တွင်းခရီးသည်များ၏ အသက်အရွယ်နှင့် ကျား/မ အချိုးအစား





**နမူနာဦးရေ-၇,၁၇၉**


ပုံ (၄-၁-၁-၃) ဖြေဆိုသူပြည်တွင်းခရီးသည်များ၏ ကျား/မ အချိုးအစားနှင့် အသက်အုပ်စု

ဖြေဆိုသူပြည်တွင်းခရီးသည်များ၏ **ကျား/မ အချိုးအစားအား** ကြည့်လျှင် ကျား ၅၃ ရာခိုင်နှုန်းနှင့် မ ၄၇ ရာခိုင်နှုန်းရှိပြီး ကျား ဦးရေအချိုးအစားသည် မ ဦးရေအချိုးအစားထက် အနည်းငယ်ပိုများသောကြောင့် အမျိုးသားများပိုမိုခရီးသွားသည်ဟု ဆိုနိုင်ပါသည်။

ဖြေဆိုသူပြည်တွင်းခရီးသည်များ၏ **အသက်အုပ်စုများ**အား ကြည့်လျှင် အသက် ၃၀-၃၉ နှစ်ကြားရှိ ဖြေဆိုသူများသည် စုစုပေါင်းခရီးသွားဦးရေ၏ သုံးပုံ တစ်ပုံ၊ ၃၁ ရာခိုင်နှုန်းခန့်ဖြင့် အများဆုံးဖြစ်ပြီး အသက် ၂၀-၂၉ နှစ် အကြား ဖြေဆိုသူသည် ၂၈ ရာခိုင်နှုန်း ရှိပါသည်။ အသက် ၁၅-၁၉ နှစ် ဆယ်ကျော်သက်အရွယ် ဖြေဆိုသူသည် ရာခိုင်နှုန်းအားဖြင့် အနည်းဆုံးဖြစ်သည်ကို တွေ့ရှိရပါသည်။

### ၄.၁.၁.၄။ ဖြေဆိုသူပြည်တွင်းခရီးသည်များ၏ အလုပ်အကိုင်နှင့် စီးပွားရေးကဏ္ဍ





**နမူနာဦးရေ-၇,၁၇၉**

ပုံ (၄-၁-၁-၄) ဖြေဆိုသူပြည်တွင်းခရီးသည်များ၏ အလုပ်အကိုင်နှင့် စီးပွားရေးကဏ္ဍ

ဖြေဆိုသူများ၏အလုပ်အကိုင်အနေဖြင့် ၂၁ ရာခိုင်နှုန်းသည် ဝန်ဆောင်မှုပေးသူ/ အရောင်းဝန်ထမ်းများ၊ ၁၇ ရာခိုင်နှုန်းသည် လယ်ယာလုပ်ငန်းလုပ်ကိုင်ကြသူများ၊ ၁၅ ရာခိုင်နှုန်းသည် ရုံးဝန်ထမ်းများ၊ ၉ ရာခိုင်နှုန်းသည် အထွေထွေလုပ်သားများနှင့် ၈ ရာခိုင်နှုန်းမှာ မှီခိုသူများနှင့် ကျောင်းသားများဖြစ်ကြပါသည်။

ဖြေဆိုသူများ၏ ၄၉ ရာခိုင်နှုန်းသည် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မဟုတ်သည့် ပုဂ္ဂလိကလုပ်ငန်းများတွင် လုပ်ကိုင်သူ ၂၇ ရာခိုင်နှုန်း၊ နိုင်ငံပိုင်လုပ်ငန်းလုပ်ကိုင်သူ ၁၃ ရာခိုင်နှုန်း၊ မှီခိုသူ ၅ ရာခိုင်နှုန်း၊ ကျောင်းသား ၄ ရာခိုင်နှုန်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွင် လုပ်ကိုင်သူ ၁ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပါသည်။

### ၄.၁.၁.၅။ ဖြေဆိုသူ ပြည်တွင်းခရီးသည်များ၏ သုံးစွဲမှုပမာဏ





**နမူနာဦးရေ-၇,၁၇၉**


ပုံ (၄-၁-၁-၅) ဖြေဆိုသူပြည်တွင်းခရီးသည်များ၏ သုံးစွဲမှုပမာဏ

ဖြေဆိုသူများတွင် ဝန်ဆောင်မှုပေးသူ/အရောင်းဝန်ထမ်းများက ပြည်တွင်းခရီးသည်လာစဉ် သုံးစွဲမှု အားလုံး၏ ၂၅ ရာခိုင်နှုန်းခန့်ရှိပြီး ရုံးဝန်ထမ်းများ၊ လယ်ယာလုပ်ငန်းလုပ်ကိုင်သူများက ၁၂ ရာခိုင်နှုန်းဖြင့် ဒုတိယအများဆုံးသုံးစွဲသူများဖြစ်ကြပါသည်။ အလယ်အလတ်အဆင့် စီမံခန့်ခွဲသူများက ၉ ရာခိုင်နှုန်း၊ မှီခိုသူများက ၈ ရာခိုင်နှုန်း၊ ကျောင်းသားများနှင့် အထွေထွေလုပ်သားများက ၇ ရာခိုင်နှုန်းစီ ရှိသည်ကို တွေ့ရှိရပါသည်။

## ၄.၁.၂။ ၂၀၂၄ ခုနှစ်အတွင်း ခရီးသွားအတွေ့အကြုံ

### ၄.၁.၂.၁။ ၂၀၂၄ ခုနှစ်အတွင်း သွားရောက်ခဲ့သည့် ခရီးစဉ်အရေအတွက်





Mean of the number of Trip in 2024

**နမူနာဦးရေ-၇,၁၇၉**

ပုံ (၄-၁-၂-၁) ၂၀၂၄ ခုနှစ်အတွင်း ဖြေဆိုသူခရီးသွားများ သွားရောက်ခဲ့သည့် ခရီးစဉ်အရေအတွက်

၂၀၂၄ ခုနှစ်အတွင်း၌ ဖြေဆိုသူစုစုပေါင်းတွင် ၄၃ ရာခိုင်နှုန်းသည် ခရီးစဉ်တစ်ခုသာ သွားခဲ့ကြကြောင်း ဖြေဆိုခဲ့ပါသည်။ ခရီးစဉ် ၂ ခုဟုဖြေဆိုသူမှာ ၂၇ ရာခိုင်နှုန်း၊ ခရီးစဉ် ၃ ခုမှာ ၁၈ ရာခိုင်နှုန်း၊ ခရီးစဉ် ၅ ခုမှာ ၅ ရာခိုင်နှုန်း၊ ခရီးစဉ် ၄ ခုမှာ ၄ ရာခိုင်နှုန်းနှင့် ခရီးစဉ် ၆ ခုနှင့်အထက်မှာ ၃ ရာခိုင်နှုန်း ဖြေဆိုခဲ့ကြပါသည်။

### ၄.၁.၂.၂။ ၂၀၂၄ ခုနှစ်အတွင်း ပြည်တွင်းတွင်ခရီးသွားလာခဲ့သည့် ရက်စုစုပေါင်း








Mean of Number of Travelling Days in 2024

**နမူနာဦးရေ-၇,၁၇၉**

ပုံ (၄-၁-၂-၂) ၂၀၂၄ ခုနှစ်အတွင်း ပြည်တွင်းတွင် ခရီးသွားလာခဲ့သည့် ရက်စုစုပေါင်း

၂၀၂၄ ခုနှစ်အတွင်း၌ ဖြေဆိုသူများ၏ ၃၇ ရာခိုင်နှုန်းသည် ၄ ရက်မှ ၆ ရက်တာကာလကြာမြင့်သည်အထိ ပြည်တွင်းခရီးသည်လာခဲ့ကြပြီး ဒုတိယအနေဖြင့် ၂၈ ရာခိုင်နှုန်းဖြင့် ၁၀ ရက်နှင့်အထက်၊ တတိယအနေဖြင့် ၂၃ ရာခိုင်နှုန်းဖြင့် ၁ ရက်မှ ၃ ရက်၊ အနည်းဆုံးအနေဖြင့် ၁၂ ရာခိုင်နှုန်းဖြင့် ၇ ရက်မှ ၉ ရက်တာကာလအတွင်း ခရီးသွားလာခဲ့ကြပါသည်။ နေ့ချင်းပြန်ခရီးသွားလာခြင်းမှာလည်း ၁ ရာခိုင်နှုန်းခန့် ရှိပါသည်။ ၂၀၂၄ ခုနှစ်အတွင်း ပြည်တွင်းခရီးသည်များသည် ပျမ်းမျှ (Mean) အားဖြင့် **၈ ရက်** ခရီးသွားလာခဲ့ကြပြီး **၅ ရက်** သွားခဲ့သည်ဟု ဖြေဆိုသူ အများဆုံး(Mode) ဖြစ်သည်ကို တွေ့ရှိရပါသည်။

## ၄.၁.၂.၃။ ၂၀၂၄ ခုနှစ်အတွင်း ခရီးသွားလာရသည့် အဓိကရည်ရွယ်ချက်





**နမူနာဦးရေ- ၇,၁၇၉**

ပုံ (၄-၁-၂-၃) ၂၀၂၄ ခုနှစ်အတွင်း ခရီးသွားလာရသည့် အဓိကရည်ရွယ်ချက်

ဖြေဆိုသူများ၏ ၂၉ ရာခိုင်နှုန်းသည် အားလပ်ရက်၊ အပန်းဖြေရန်အတွက် သွားရောက်ကြပြီး ၂၈ ရာခိုင်နှုန်းသည် လုပ်ငန်းဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် ခရီးသွားလာကြပါသည်။ ၁၅ ရာခိုင်နှုန်းမှာ ဘုရားဖူးရန်နှင့် မိတ်ဆွေသူငယ်ချင်းများထံသို့ အလည်အပတ်သွားရောက်ရန်၊ ၄ ရာခိုင်နှုန်းမှာ အစည်းအဝေးပွဲများတက်ရောက်ရန်၊ လေ့လာရေးခရီး (သို့) ပညာသင်ကြားရန်၊ ကျန်းမာရေးစစ်ဆေးရန် ခရီးသွားလာကြသည်ကိုတွေ့ရှိရပါသည်။


## ၄.၁.၂.၄။ ပြည်တွင်းခရီးသည်များ အများဆုံးကြိုက်နှစ်သက်သည့် ခရီးစဉ်ဒေသများ




မှတ်ချက်။ ၁ ရာခိုင်နှုန်းအောက် ခရီးစဉ်ဒေသများ ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။

ပုံ (၄-၁-၂-၄-၁) ပြည်တွင်းခရီးသည်များ အများဆုံးကြိုက်နှစ်သက်သည့် ခရီးစဉ်ဒေသများ


ပြည်တွင်းခရီးသည်များ **အများဆုံး**သွားလာခဲ့သည့် ခရီးစဉ်ဒေသများကို မေးမြန်းသည့်အခါ "ရန်ကုန်" ဟု ဖြေဆိုသူ ၃၀ ရာခိုင်နှုန်း၊ "မန္တလေး"ဟုဖြေဆိုသူ ၁၆ ရာခိုင်နှုန်း၊ "တောင်ကြီး" ဟုဖြေဆိုသူ ၅ ရာခိုင်နှုန်း အသီးသီးရှိသည်ကို တွေ့ရှိရပါသည်။




မှတ်ချက်။ ၁ ရာခိုင်နှုန်းအောက် ခရီးစဉ်ဒေသများ ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။

ပုံ (၄-၁-၂-၄-၂) ပြည်တွင်းခရီးသည်များ ဒုတိယအများဆုံး ကြိုက်နှစ်သက်သည့် ခရီးစဉ်ဒေသများ

ပြည်တွင်းခရီးသည်များ **ဒုတိယအများဆုံး**သွားလာခဲ့သည့် ခရီးစဉ်ဒေသများကို မေးမြန်းသည့်အခါ "မန္တလေး" ဟုဖြေဆိုသူ ၁၃ ရာခိုင်နှုန်း၊ "ရန်ကုန်"ဟုဖြေဆိုသူ ၁၁ ရာခိုင်နှုန်း၊ "ပုသိမ်" ဟုဖြေဆိုသူ ၈ ရာခိုင်နှုန်းအသီးသီးရှိသည်ကို တွေ့ရှိရပါသည်။





မှတ်ချက်။ ၁ ရာခိုင်နှုန်းအောက် ခရီးစဉ်ဒေသများ ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။

ပုံ (၄-၁-၂-၄-၃) ပြည်တွင်းခရီးသည်များ တတိယအများဆုံးကြိုက်နှစ်သက်သည့် ခရီးစဉ်ဒေသများ

ပြည်တွင်းခရီးသည်များ **တတိယအများဆုံး**သွားလာခဲ့သည့် ခရီးစဉ်ဒေသများကို မေးမြန်းသည့်အခါ "နေပြည်တော်" ဟုဖြေဆိုသူ ၁၃ ရာခိုင်နှုန်း၊ "မန္တလေး"ဟုဖြေဆိုသူ ၁၃ ရာခိုင်နှုန်း၊ "ပြင်ဦးလွင်" ဟုဖြေဆိုသူ ၁၀ ရာခိုင်နှုန်းအသီးသီးရှိသည်ကို တွေ့ရှိရပါသည်။

## ၄.၁.၂.၅။ ၂၀၂၄ ခုနှစ်၊ တစ်နှစ်ပတ်လုံး ဟိုတယ်နှင့်အလားတူနေရာများတွင် တည်းခိုနေထိုင်ခဲ့သည့် ကာလ




6 Days


Mean of Number of Travelling Days in 2024

**နမူနာဦးရေ- ၇,၁၇၉**

ပုံ (၄-၁-၂-၅) ၂၀၂၄ခုနှစ်၊ တစ်နှစ်ပတ်လုံးဟိုတယ်နှင့်အလားတူနေရာများတွင် တည်းခိုနေထိုင်ခဲ့သည့်ကာလ

ဖြေဆိုသူပြည်တွင်းခရီးသည်များ၏ ၂၁ ရာခိုင်နှုန်းသည် ဟိုတယ် သို့မဟုတ် အလားတူတည်းခို နေရာများတွင် ၆ ရက်နှင့်အထက် နေထိုင်ကြပြီး ၁၅ ရာခိုင်နှုန်းသည် ၂ ရက်နှင့် ၃ ရက်နေထိုင်ကြသူများ၊ ၁၀ ရာခိုင်နှုန်းသည် ၄ ရက်ကြာနေထိုင်ကြသူများ၊ ၈ ရာခိုင်နှုန်းသည် ၅ ရက် နေထိုင်ကြသူများနှင့် ၅ ရာခိုင်နှုန်း မှာ ၁ ရက်တာနေထိုင်ကြသူများ ဖြစ်ကြပါသည်။ ဖြေဆိုသူအားလုံး၏ ၂၇ ရာခိုင်နှုန်းသည် ဆွေမျိုးမိတ်ဆွေများ၊ ဘုန်းကြီးကျောင်းများတွင် နေထိုင်သူများအပါအဝင် နေချင်းပြန်သူများလည်း ပါဝင် ပါသည်။

## ၄.၁.၂.၆။ ၂၀၂၄ ခုနှစ်အတွင်း လအလိုက် ခရီးသွားလာမှုအခြေအနေ





**နမူနာဦးရေ- ၇,၁၇၉**

ပုံ (၄-၁-၂-၆) ၂၀၂၄ ခုနှစ်အတွင်း လအလိုက် ခရီးသွားလာမှုအခြေအနေ

ဖြေဆိုသူအားလုံး၏ ၃၀ ရာခိုင်နှုန်းသည် ပွင့်လင်းရာသီဖြစ်သည့် အေးမြသော နိုဝင်ဘာလတွင် ခရီးအများဆုံး သွားလာခဲ့ကြပြီး ဒုတိယအနေဖြင့် ၂၃ ရာခိုင်နှုန်းဖြင့် စက်တင်ဘာလတွင်ခရီးသွားကြသည် ဟု ဖြေဆိုခဲ့ကြပါသည်။ မြန်မာ့အတာသင်္ကြန်ကာလတွင် ၁၁ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ အေးမြသော ရာသီများဖြစ်သည့် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် ၆ ရာခိုင်နှုန်းဖြင့်လည်းကောင်း ခရီးအများဆုံး သွားလာခဲ့ကြသည်ကိုတွေ့ရှိရပါသည်။

## ၄.၁.၂.၇။ ၂၀၂၄ ခုနှစ်အတွင်း ပြည်တွင်းခရီးသည်များ သုံးစွဲခဲ့သည့် အသုံးစရိတ်





ပုံ (၄-၁-၂-၇) ၂၀၂၄ ခုနှစ်အတွင်း ပြည်တွင်းခရီးသည်များ သုံးစွဲခဲ့သည့် အသုံးစရိတ်

၂၀၂၄ ခုနှစ်အတွင်း ဖြေဆိုသူပြည်တွင်းခရီးသည်၏ ၅၄ ရာခိုင်နှုန်းသည် ကျပ် ၅၀၀,၀၀၀ နှင့် အထက် အများဆုံး အသုံးပြုကြပြီး ၂ သိန်းကျပ်မှ ၃ သိန်းကျပ်အကြားအသုံးပြုသူ ၁၁ ရာခိုင်နှုန်း၊ ၁ သိန်းကျပ်မှ ၂ သိန်းကျပ် အကြားအသုံးပြုသူနှင့် ၄ သိန်းကျပ်နှင့် ၅ သိန်းကျပ်အကြား အသုံးပြုသူ ၁၀ ရာခိုင်နှုန်း၊ ကျပ်တစ်သိန်းအထိ အသုံးပြုသူ ၈ ရာခိုင်နှုန်း၊ ၃ သိန်းကျပ် မှ ၄ သိန်းကျပ်အကြား အသုံးပြုသူ ၆ ရာခိုင်နှုန်း အသီးသီးရှိသည်ကို တွေ့ရှိရပါသည်။

၂၀၂၄ ခုနှစ်တွင် ပြည်တွင်းခရီးသည်များ၏ တစ်နှစ်ပတ်လုံး သုံးစွဲခဲ့သည့် စုစုပေါင်းပျမ်းမျှခရီးသွား အသုံးစရိတ်သည် ၉၆၀,၀၀၀ ကျပ်နီးပါးဖြစ်ပြီး ပျမ်းမျှနေထိုင်ရက် (၈) ရက်၊ လူတစ်ဦး၏ တစ်ရက်ပျမ်းမျှ အသုံးစရိတ်သည် ၁၂၀,၀၀၀ ကျပ်နီးပါးဖြစ်ပါသည်။


### ၄.၁.၂.၈။ အသက်အရွယ်အလိုက် ငွေကြေးသုံးစွဲမှု




ပုံ (၄-၁-၂-၈) မြန်မာနိုင်ငံအတွင်း လည်ပတ်ရာတွင် အသက်အရွယ်အလိုက် ငွေကြေးသုံးစွဲမှု

ပြည်တွင်းခရီးသွားလာရာ၌ အသက် (၃၀) မှ (၃၉) နှစ်ကြား ခရီးသွားလာသူများသည် ၃၄ ရာခိုင်နှုန်းဖြင့် ငွေကြေးသုံးစွဲမှုအများဆုံးဖြစ်ပြီး၊ ဒုတိယအနေဖြင့် ၂၅ ရာခိုင်နှုန်းဖြင့် အသက် (၂၀) မှ (၂၉) နှစ်အကြား၊ တတိယအနေဖြင့် ၂၄ ရာခိုင်နှုန်းဖြင့် အသက် (၄၀) မှ (၄၉) နှစ်အကြားရှိသည်ကို တွေ့ရှိရပါသည်။ အသက် (၅၀) မှ (၅၉) နှစ်ကြားနှင့် အသက် (၆၀) နှစ်အထက်ဖြစ်သည့် အသက်အရွယ်ကြီးသူများက ၁၀ ရာခိုင်နှုန်းနှင့် ၄ ရာခိုင်နှုန်းစီ အသီးသီးသုံးစွဲခဲ့ကြသည်ကို တွေ့ရှိရပါသည်။


### ၄.၁.၂.၉။ အသက်အရွယ်အလိုက် ကဏ္ဍအသီးသီးတွင် ငွေကြေးသုံးစွဲမှု




ပုံ (၄-၁-၂-၉) မြန်မာနိုင်ငံအတွင်း လည်ပတ်ရာတွင် အသက်အရွယ်အလိုက် ငွေကြေးသုံးစွဲမှု

အသက်အရွယ်အသီးသီးသည် ငွေကြေးသုံးစွဲရာ၌ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် အများဆုံးသုံးစွဲကြသည်ကို တွေ့ရှိရပါသည်။ ထို့ပြင် အသက်အရွယ်အသီးသီးသည် ဈေးဝယ်ခြင်းတွင် ဒုတိယအများဆုံး သုံးစွဲကြသည်ကို တွေ့ရှိရပါသည်။ အပန်းဖြေအနားယူခြင်းလုပ်ငန်းများတွင် အနည်းဆုံးသုံးစွဲကြသည်ကို တွေ့ရှိရပါသည်။

### ၄.၁.၂.၁၀။ နေထိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခရီးသွားလာစဉ်အတွင်း ငွေကြေးသုံးစွဲနိုင်မှု





ပုံ (၄-၁-၂-၁၀) တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခရီးသွားလာစဉ်အတွင်း ငွေကြေးသုံးစွဲနိုင်မှု

ဖြေဆိုသူများတွင် ရန်ကုန်တိုင်းမှ လာရောက်လည်ပတ်သူများက ငွေကြေးအများဆုံးသုံးစွဲကြသည်ကို တွေ့ရှိရပြီး ဒုတိယအနေဖြင့် ၁၅ ရာခိုင်နှုန်းဖြင့် မန္တလေးတိုင်း၊ တတိယအနေဖြင့် ၁၁ ရာခိုင်နှုန်းဖြင့် ဧရာဝတီတိုင်း၊ ထို့နောက် ၉ ရာခိုင်နှုန်းဖြင့် ရှမ်းပြည်နယ်၊ ၇ ရာခိုင်နှုန်းဖြင့် စစ်ကိုင်းတိုင်းနှင့် ကချင်ပြည်နယ်တို့ဖြစ်ကြပါသည်။

## ၄.၁.၃။ လက်ရှိခရီးစဉ် ဒေသဆိုင်ရာအချက်အလက်များ

### ၄.၁.၃.၁။ လက်ရှိခရီးစဉ်သို့ ရောက်ရှိဖူးသည့် အကြိမ်အရေအတွက်





**နမူနာဦးရေ- ၇,၁၇၉**

ပုံ (၄-၁-၃-၁) လက်ရှိခရီးစဉ်သို့ ရောက်ရှိဖူးသည့် အကြိမ်အရေအတွက်

ဖြေဆိုသူအားလုံး၏ ၂၇ ရာခိုင်နှုန်းသည် လက်ရှိခရီးစဉ်ဒေသသို့ ပထမဆုံးအကြိမ် ရောက်ရှိသူများဖြစ်ပြီး ၄၃ ရာခိုင်နှုန်းခန့်သည် ၂ ကြိမ်နှင့် ၃ ကြိမ်ကြား လာရောက်ဖူးသူများဖြစ်ပါသည်။ ၁၈ ရာခိုင်နှုန်းသည် ၄ ကြိမ်မှ ၅ ကြိမ်အထိ လာရောက်ဖူးသူများ၊ ၆ ရာခိုင်နှုန်းသည် ၆ ကြိမ်မှ ၇ ကြိမ်ထိ လာရောက်ဖူးသူများ ၊ ၄ ရာခိုင်နှုန်းသည် ၁၀ ကြိမ်နှင့်အထက် လာရောက်ဖူးသူများနှင့် ၃ ရာခိုင်နှုန်းသည် ၈ ကြိမ်မှ ၁၀ ကြိမ်အထိ လာရောက်ဖူးသူတို့ ဖြစ်ကြပါသည်။

## ၄.၁.၃.၂။ လက်ရှိခရီးစဉ်၌ အသုံးပြုသည့် သယ်ယူပို့ဆောင်ရေးယာဉ်အမျိုးအစားများ





**နမူနာဦးရေ- ၇,၁၇၉**

ပုံ (၄-၁-၃-၂) လက်ရှိခရီးစဉ်၌ အသုံးပြုသည့် သယ်ယူပို့ဆောင်ရေးယာဉ်အမျိုးအစားများ

ဖြေဆိုသူများ၏ ၄၇ ရာခိုင်နှုန်းသည် အများသုံးဘတ်စ်ကားများကို အသုံးပြုသူများဖြစ်ကြပြီး ၂၀ ရာခိုင်နှုန်းသည် လေကြောင်းလိုင်းကို အသုံးပြုသူများဖြစ်ကြပါသည်။ ကိုယ်ပိုင်ယာဉ်အသုံးပြုခရီးသွားလာသူ ၁၅ ရာခိုင်နှုန်းရှိပြီး ကားငှားသွားလာသူမှာ ၈ ရာခိုင်နှုန်းခန့်ရှိပြီး ကိုယ်ပိုင်မော်တော်ဆိုင်ကယ်၊ ခရီးလှည့်ကားများနှင့် ဘတ်စ်ကားငှား၍ ခရီးသွားလာသူများမှာ ၃ ရာခိုင်နှုန်း ရှိပါသည်။ မီးရထားဖြင့် သွားလာခြင်းမှာ ၂ ရာခိုင်နှုန်းခန့်သာရှိသည်ကို တွေ့ရှိရပါသည်။

## ၄.၁.၃.၃။ လက်ရှိခရီးစဉ်သို့ လာရောက်ရသည့် ရည်ရွယ်ချက်နှင့် ခရီးစဉ်အစီအစဉ်





**နမူနာဦးရေ- ၇,၁၇၉**

ပုံ (၄-၁-၃-၃) လက်ရှိခရီးစဉ်သို့ လာရောက်ရသည့် ရည်ရွယ်ချက်

လက်ရှိခရီးစဉ်သို့ လာရောက်ရခြင်း၏ ရည်ရွယ်ချက်တွင် ၃၉ ရာခိုင်နှုန်းသည် အားလပ်ရက်၊ အပန်းဖြေရန် ခရီးသွားလာကြပြီး ၁၉ ရာခိုင်နှုန်းသည် လုပ်ငန်းလုပ်ကိုင်ရန်အတွက် ခရီးသွားလာကြပါသည်။ ၁၅ ရာခိုင်နှုန်းမှာ မိတ်ဆွေသူငယ်ချင်းဆွေမျိုးများထံသို့ လည်ပတ်ရန်နှင့် တရားထိုင်/ ဘုရားဖူးရန်အတွက်လည်းကောင်း၊ ၄ ရာခိုင်နှုန်းမှာ ကျန်းမာရေးစစ်ဆေးရန်၊ ပညာသင်ယူလေ့လာရန်နှင့် အစည်းအဝေးများ တက်ရောက်ရန်လည်းကောင်း ခရီးသွားလာကြပါသည်။

## ၄.၁.၃.၄။ အသက်အရွယ်အလိုက် ခရီးသွားလာသည့် ရည်ရွယ်ချက်များ





**နမူနာဦးရေ- ၇,၁၇၉**

ပုံ (၄-၁-၃-၄) မြန်မာနိုင်ငံအတွင်းလည်ပတ်ရာတွင် အသက်အရွယ်အလိုက် ခရီးသွားလာသည့် ရည်ရွယ်ချက်များ

ငွေကြေးသုံးစွဲမှုအများဆုံး အသက်အရွယ်ဖြစ်သည့် အသက် ၃၀ မှ ၃၉ နှစ်ကြား ခရီးသွားလာသူများသည် စီးပွားရေးလုပ်ငန်းအတွက် ခရီးအများဆုံးသွားလာကြပြီး အသက် ၂၀ မှ ၂၉ နှစ်ကြားလူငယ်များသည် အပန်းဖြေရန်အတွက် ခရီးအများဆုံးသွားလာကြသည်ကို တွေ့ရှိရပါသည်။ အသက်အရွယ်အများစုသည် ဆွေမျိုးမိတ်ဆွေသူငယ်ချင်းများဆီသို့နှင့် ဘုရားဖူးရန်ရည်ရွယ်ချက်တို့ဖြင့် ခရီးသွားလာကြသူများကိုလည်း တွေ့ရှိရပါသည်။ အသက် ၂၀ မှ ၂၉ နှစ်ကြား လူငယ်များသည် အခြားအသက်အရွယ်များထက် အတတ်ပညာများ (သို့မဟုတ်) ပညာဆည်းပူးရန်အတွက် ပိုမိုခရီးသွားလာကြသည်ကိုလည်း ထပ်မံတွေ့ရှိရပါသည်။

## ၄.၁.၃.၅။ လက်ရှိခရီးစဉ်အတွက် ခရီးစဉ်အစီအစဉ် ဆောင်ရွက်မှု





**နမူနာဦးရေ- ၇,၁၇၉**

ပုံ (၄-၁-၃-၅) လက်ရှိခရီးစဉ်အတွက် ခရီးစဉ် အစီအစဉ်ဆောင်ရွက်မှု

စစ်တမ်းဖြေဆိုသူအားလုံး၏ ထက်ဝက်ကျော် (၆၄ ရာခိုင်နှုန်း) သည် မိမိအစီအစဉ်ဖြင့် ခရီးသွားလာကြသည်ကို တွေ့ရှိရပါသည်။ ၂၁ ရာခိုင်နှုန်းသည် သူငယ်ချင်းများနှင့်အတူ စီစဉ်ဆောင်ရွက်ခြင်း၊ ၁၃ ရာခိုင်နှုန်းမှာ မိသားစုများ၊ ဆွေမျိုးများနှင့်အတူ၊ ၁ ရာခိုင်နှုန်းမှာ ခရီးသွားကုမ္ပဏီ/ အေးဂျင့်အစီအစဉ်ဖြင့် ခရီးသွားလာရန် ပြင်ဆင်ကြသည်ကို တွေ့ရှိရပါသည်။

## ၄.၁.၃.၆။ လက်ရှိခရီးစဉ်သို့ အတူလာရောက်သည့် ခရီးသွားအဖော်များ





**နမူနာဦးရေ- ၇,၁၇၉**

ပုံ (၄-၁-၃-၆) လက်ရှိခရီးစဉ်သို့ အတူလာရောက်သည့် ခရီးသွားအဖော်များ

ဖြေဆိုသူပြည်တွင်းခရီးသည်များ၏ လေးပုံတစ်ပုံကျော် (၂၆ ရာခိုင်နှုန်း) သည် တစ်ဦးတည်းသာ ခရီးသွားလာခြင်းဖြစ်ပြီး၊ ၂၀ ရာခိုင်နှုန်းသည် ဇနီးခင်ပွန်းနှင့်လည်းကောင်း၊ ၁၉ ရာခိုင်နှုန်းသည် သူငယ်များနှင့်လည်းကောင်း၊ ၁၄ ရာခိုင်နှုန်းသည် လုပ်ဖော်ကိုင်ဖက်များနှင့်လည်းကောင်း၊ ၁၀ ရာခိုင်နှုန်း သည် ဆွေမျိုးများနှင့်လည်းကောင်း၊ ၆ ရာခိုင်နှုန်းသည် မိသားစု(ကလေးပါ)နှင့်လည်းကောင်း၊ ၄ ရာခိုင်နှုန်း သည် မိသားစု (ကလေးမပါ) နှင့်လည်းကောင်း ခရီးသွားလာကြသည်ကိုတွေ့ရှိရပါသည်။ ခရီးလှည့် လည်ရေးကုမ္ပဏီများ၏အစီအစဉ်ဖြင့် သွားလာလည်ပတ်ကြသည့်အရေအတွက်မှာမူ မရှိသည်ကို တွေ့ရှိရ ပါသည်။

## ၄.၁.၃.၇။ လက်ရှိခရီးစဉ်အတွက် သတင်းအချက်အလက် ရရှိနိုင်သည့် အရင်းအမြစ်များ





**နမူနာဦးရေ- ၇,၁၇၉**

ပုံ (၄-၁-၃-၇) လက်ရှိခရီးစဉ်အတွက် သတင်းအချက်အလက်ရရှိနိုင်သည့် အရင်းအမြစ်များ

ဖြေဆိုသူပြည်တွင်းခရီးသည်များ၏ သုံးပုံတစ်ပုံကျော် (၃၃ ရာခိုင်နှုန်းသည်) သည် လက်ရှိ ဒေသသို့ ယခင်လာရောက်ဖူးသည့် အတွေ့အကြုံများကြောင့် လာရောက်ကြခြင်းဖြစ်ပါသည်။ ၃၁ ရာခိုင်နှုန်းသည် သူငယ်ချင်း၊ လုပ်ဖော်ကိုင်ဖက်များကြောင့်လည်းကောင်း၊ ၂၇ ရာခိုင်နှုန်းသည် မိသားစုများကြောင့်လည်းကောင်း၊ ၄ ရာခိုင်နှုန်းသည် လူမှုကွန်ယက်စာမျက်နှာများကြောင့်လည်းကောင်း၊ ၃ ရာခိုင်နှုန်းသည် ဝက်ဘ်ဆိုက်များကြောင့်လည်းကောင်း၊ ၁ ရာခိုင်နှုန်းသာ လက်ကမ်းကြော်ငြာများ ကြောင့် လာရောက်လည်ပတ်ကြခြင်းဖြစ်သည်ဟု လေ့လာတွေ့ရှိရပါသည်။


## ၄.၁.၃.၈။ လက်ရှိခရီးစဉ်အတွင်း ပြည်တွင်းခရီးသည်များ နေထိုင်သည့်ကာလ




**နမူနာဦးရေ- ၆,၈၂၄**


ပုံ (၄-၁-၃-၈-၁) လက်ရှိခရီးစဉ်တွင် နေထိုင်သည့်ရက်ပေါင်း


ဖြေဆိုသူအားလုံး၏ သုံးပုံတစ်ပုံနီးပါး (၃၂ ရာခိုင်နှုန်း) သည် ၎င်းတို့ခရီးစဉ်အတွင်း ၂ ရက် တည်းခိုကြပြီး ၃ ရက်တည်းခိုသူ ၂၃ ရာခိုင်နှုန်းခန့်၊ ၆ ရက်နှင့်အထက် တည်းခိုသူ ၁၆ ရာခိုင်နှုန်းခန့်ရှိပါသည်။ ထို့နောက် ၁၁ ရာခိုင်နှုန်းမှာ ၅ ရက်၊ ၁၀ ရာခိုင်နှုန်းမှာ ၁ ရက်တာ၊ ၈ ရာခိုင်နှုန်းမှာ ၄ ရက်တည်းခိုနေထိုင်ကြသူများဖြစ်ပါသည်။ဖြေဆိုသူများအားလုံး၏ ပျမ်းမျှတည်းခိုမှုသည် ၄ ရက် ရှိသည်ကို တွေ့ရှိရပါသည်။




ပုံ (၄-၁-၃-၈-၂) လက်ရှိခရီးစဉ်အတွင်း ပြည်တွင်းခရီးသည်များ ပျမ်းမျှနေထိုင်သည့်ကာလ

## ၄.၁.၃.၉။ လက်ရှိခရီးစဉ်၌ ပြည်တွင်းခရီးသည်များ၏ တည်းခိုသည့်နေရာ အမျိုးအစား








**နမူနာဦးရေ- ၆,၈၂၄**

ပုံ (၄-၁-၃-၉) လက်ရှိခရီးစဉ်၌ ပြည်တွင်းခရီးသည်များ၏ တည်းခိုနေရာအမျိုးအစားများ


ဖြေဆိုသူများ၏ ၄၀ ရာခိုင်နှုန်းသည် ဟိုတယ်နှင့် အလားတူတည်းခိုရိပ်သာများတွင် တည်းခိုနေထိုင်ကြပြီး ၃၀ ရာခိုင်နှုန်းမှာ မိတ်ဆွေသူငယ်ချင်း/ ဆွေမျိုးများထံတွင် တည်းခိုနေထိုင် ကြပါသည်။ ၁၉ ရာခိုင်နှုန်းမှာ တည်းခိုရိပ်သာများတွင်လည်းကောင်း၊ ၃ ရာခိုင်နှုန်းမှာ အဆောင်များနှင့် အခြားနေရာများတွင်လည်းကောင်း တည်းခိုနေထိုင်ခဲ့ကြကြောင်း တွေ့ရှိရပါသည်။ ဖြေဆိုသူများတွင် ညအိပ်ခရီးသွားလာကြသူများမှာ ၉၅ ရာခိုင်နှုန်းရှိပြီး နေ့ချင်းပြန်သွားလာသူများမှာ ၅ ရာခိုင်နှုန်းရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

### ၄.၁.၃.၁၀။ ၂၀၂၄ ခုနှစ်အတွင်း နေ့ချင်းပြန်ခရီးသည်နှင့် ညအိပ်ခရီးသည်တို့၏ ငွေကြေး သုံးစွဲမှုအခြေအနေ




ပုံ (၄-၁-၃-၁၀) ၂၀၂၄ခုနှစ်အတွင်း နေ့ချင်းပြန်ခရီးသည်နှင့် ညအိပ်ခရီးသည်တို့၏ ငွေကြေးသုံးစွဲမှု အခြေအနေ

### ၄.၁.၃.၁၁။ လက်ရှိခရီးစဉ်အတွင်း ပြည်တွင်းခရီးသည်များ၏ ကဏ္ဍအလိုက် သုံးစွဲမှု အခြေအနေ




**နမူနာဦးရေ- ၇,၁၇၉**

ပုံ (၄-၁-၃-၁၁) လက်ရှိခရီးစဉ်အတွင်း ပြည်တွင်းခရီးသည်များ၏ အသုံးစရိတ်


ခရီးသွားများ၏ခရီးစဉ်အတွင်းသုံးစွဲခဲ့သည့် အသုံးစရိတ်များကို ခွဲခြမ်းစိတ်ဖြာကြည့်ပါက ပို့ဆောင်ရေးကဏ္ဍအတွက် ၃၆ ရာခိုင်နှုန်း၊ ဈေးဝယ်ခြင်းအတွက် ၂၀ ရာခိုင်နှုန်း၊ တည်းခိုနေထိုင်ရေးနှင့် အစားအသောက် အဖျော်ယမကာအတွက် ၁၃ ရာခိုင်နှုန်း၊ အခြားကဏ္ဍများအတွက် ၁၀ ရာခိုင်နှုန်းနှင့် အပန်းဖြေခြင်းအတွက် ၇ ရာခိုင်နှုန်းအသီးသီးသုံးစွဲခဲ့ကြသည်ကို တွေ့ရှိရပါသည်။

ပြည်တွင်းခရီးသည်များ၏ လက်ရှိခရီးစဉ်အတွင်းသုံးစွဲခဲ့သည့် စုစုပေါင်းပျမ်းမျှခရီးသွားအသုံးစရိတ်သည် ၆၇၀,၀၀၀ကျပ်ဖြစ်ပြီး ပျမ်းမျှနေထိုင်ရက် (၄) ရက်၊ လူတစ်ဦး၏ တစ်ရက်ပျမ်းမျှအသုံးစရိတ်သည် ၁၅၀,၀၀၀ ကျပ်ရှိသည်ကိုတွေ့ရှိရပါသည်။

**ဇယား (၄.၁.၃.၁၁) လက်ရှိခရီးစဉ်အတွက် ပြည်တွင်းခရီးသည်တစ်ဦး၏ ပျမ်းမျှအသုံးစရိတ်ဆိုင်ရာ အချက်အလက်များ**

| Types of Expenditure | Total Respondents (MMK - per person) | | | | |
|---|---|---|---|---|---|
| | Mean | Medium | Mode | Maximum | Minimum |
| Average Expenditure | 672,987 | 400,000 | 300,000 | 30,160,000 | 10,000 |
| Transportation | 218,608 | 75,000 | 50,000 | 12,000,000 | 5,500 |
| Accommodation | 81,666 | 45,000 | | 6,000,000 | |
| Food & Beverage | 80,719 | 50,000 | 50,000 | | 2,000,000 |
| Recreation | 43,597 | 15,000 | | | 2,400,000 |
| Shopping | 119,401 | 50,000 | | | 15,000,000 |
| Other | 84,023 | 15,000 | | | 25,000,000 |

## ၄.၁.၃.၁၂။ မြန်မာနိုင်ငံအတွင်း လည်ပတ်ရာတွင် စိတ်ကျေနပ်မှုအဆင့်





**နမူနာဦးရေ- ၇,၁၇၉**

ပုံ (၄-၁-၃-၁၂) မြန်မာနိုင်ငံအတွင်း လည်ပတ်ရာတွင် စိတ်ကျေနပ်မှုအဆင့်

ခရီးသွားလာသူများပြည်တွင်းခရီးသည်လာရခြင်းအပေါ် စိတ်ကျေနပ်မှုအဆင့်များကို ဆန်းစစ်ရာတွင် “စိတ်ကျေနပ်မှုမရှိပါ” ဟု ဖြေဆိုသူရာခိုင်နှုန်းမှာ ၅၃ ရာခိုင်နှုန်း (ထက်ဝက်ကျော်) ရှိပြီး “စိတ်ကျေနပ်မှုရှိပါသည်” ဟုဖြေဆိုသူမှာ ၂၁ ရာခိုင်နှုန်းနှင့် “သာမန်စိတ်ကျေနပ်မှု ရှိပါသည်” ဟုဖြေဆိုသူ မှာ ၂၂ ရာခိုင်နှုန်းရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

## ၄.၁.၃.၁၃။ မြန်မာ့ခရီးသွားဝန်ဆောင်မှု မြှင့်တင်နိုင်ရေး အကြံပြုချက်




**နမူနာဦးရေ-၁,၆၄၈**

ပုံ (၄-၁-၃-၁၃) မြန်မာ့ခရီးသွားဝန်ဆောင်မှုမြှင့်တင်နိုင်ရေး အကြံပြုချက်များ


ပြည်တွင်းခရီးသည်များ၏ ထက်ဝက်ခန့် (၄၁ ရာခိုင်နှုန်း) သည် အထူးသဖြင့် အခြေခံအဆောက်အအုံပိုင်းဆိုင်ရာ ကိစ္စရပ်များဖြစ်သည့်  ကုန်းလမ်းသယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းဖြစ်သော လမ်းညွှန်ပြဆိုင်းဘုတ်များ၊ လမ်းဘေးမီးသီးများကို ထိန်းသိမ်းပြင်ဆင်စေလိုခြင်း၊ သယ်ယူပို့ဆောင်ရေးယာဉ်များကို စံချိန်စံညွှန်းနှင့်အညီ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးစေလိုပါကြောင်း အကြံပြုထားပါသည်။ ဖြေဆိုသူများ၏ ၁၆ ရာခိုင်နှုန်းသည် သယ်ယူပို့ဆောင်ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ရန် လိုအပ်ကြောင်း၊ ၁၂ ရာခိုင်နှုန်းမှာ မြို့တစ်မြို့နှင့်တစ်မြို့ကြား သွားလာမှုခရီးစရိတ်များ လျှော့ချပေးရန်၊ အထူးသဖြင့် ပြည်တွင်းလေကြောင်းလိုင်း ဈေးနှုန်းများနှင့် အဝေးပြေးကားခများကို သင်တင့်မျှတသည့် ဈေးနှုန်းများဖြစ်စေရေး အကြံပြုထားပါသည်။ ပြည်တွင်းခရီးသည်များ၏ ၁၀ ရာခိုင်နှုန်းခန့်သည် ခရီးသွားလာရာတွင် အန္တရာယ်ကင်းရှင်းစေရေးဆောင် ရွက်ပေးရန်နှင့် အဝေးပြေးလမ်းအပါအဝင် တစ်မြို့မှတစ်မြို့သို့ သွားလာလည်ပတ်ရာတွင် ကန့်သတ်ချက်များ ဖြေလျှော့ပေးရန် အကြံပြုထားပါသည်။ ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုကဏ္ဍများ မြှင့်တင်ရန်နှင့် ဈေးနှုန်းလျှော့ချရန်အတွက် ၆ ရာခိုင်နှုန်း အသီးသီး အကြံပြုခဲ့ကြောင်း တွေ့ရှိရပါသည်။ အစားအသောက်နှင့် အဖျော်ယမကာ ဝန်ဆောင်မှုများသည် ခရီးသွားလုပ်ငန်းကဏ္ဍတွင် တစ်ခုအပါအဝင်ဖြစ်ရာ စစ်တမ်းဖြေဆိုသူများအနေဖြင့် ညဈေးများဖွင့်လှစ်စေလို ခြင်းနှင့် မြန်မာ့ရိုးရာ အစားအစာများမြှင့်တင်ဆောင်ရွက်ပေးရန် အကြံပြုခဲ့ပါသည်။

## ၅။ ၂၀၂၂ ခုနှစ်၊ ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ် ပြည်တွင်းခရီးသည် စစ်တမ်းတွေ့ရှိချက်များကို နှိုင်းယှဉ်တင်ပြခြင်း

### ၅.၁။ ဖြေဆိုသူခရီးသွားများ အမြဲတမ်းနေထိုင်ရာသည့် နေရပ်လိပ်စာများကို နှိုင်းယှဉ်ဖော်ပြမှု ဇယားနှင့် ဂရပ်ပုံ

| ဖြေဆိုသူခရီးသွားများ၏ အမြဲတမ်းနေထိုင်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ် | ၂၀၂၂ ခုနှစ် | ၂၀၂၃ ခုနှစ် | ၂၀၂၄ ခုနှစ် |
|---|---|---|---|
| ရန်ကုန်တိုင်းဒေသကြီး | ၂၇% | ၂၁% | ၁၆% |
| ဧရာဝတီတိုင်းဒေသကြီး | ၆% | ၁၅% | ၁၇% |
| မန္တလေးတိုင်းဒေသကြီး | ၁၄% | ၁၄% | ၁၆% |
| ရှမ်းပြည်နယ် | ၁၀% | ၁၂% | ၈% |
| ပဲခူးတိုင်းဒေသကြီး | ၅% | ၈% | ၉% |
| မကွေးတိုင်းဒေသကြီး | ၅% | ၆% | ၆% |
| မွန်ပြည်နယ် | ၄% | ၅% | ၆% |
| နေပြည်တော် | ၅% | ၅% | ၅% |
| စစ်ကိုင်းတိုင်းဒေသကြီး | ၄% | ၄% | ၅% |
| ကချင်ပြည်နယ် | ၄% | ၃% | ၄% |
| တနင်္သာရီတိုင်းဒေသကြီး | ၅% | ၂% | ၃% |
| ရခိုင်ပြည်နယ် | ၇% | ၂% | ၁% |
| ကရင်ပြည်နယ် | ၄% | ၁% | ၂% |
| ချင်းပြည်နယ် | ၀% | ၀% | ၁% |
| ကယားပြည်နယ် | ၀% | ၀% | ၀% |


၄၂/ စာမျက်နှာ




ပုံ (၅-၁) ဖြေဆိုသူခရီးသွားများ အမြဲတမ်းနေထိုင်သည့် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များကို နှိုင်းယှဉ်ဖော်ပြမှု

## ၅.၂။ ဖြေဆိုသူပြည်တွင်းခရီးသည်များ၏ ကျား/မ အချိုးအစား နှိုင်းယှဉ် ဖော်ပြမှု ဇယားနှင့် ဂရပ်ပုံ


| အမျိုးအစား | ၂၀၂၂ ခုနှစ် | ၂၀၂၃ ခုနှစ် | ၂၀၂၄ ခုနှစ် |
|---|---|---|---|
| ကျား | ၅၁% | ၅၄% | ၅၃% |
| မ | ၄၉% | ၄၆% | ၄၇% |




ပုံ (၅-၂) ကျား/မ အချိုးအစား နှိုင်းယှဉ်ဖော်ပြမှု

## ၅.၃။ ဖြေဆိုသူပြည်တွင်းခရီးသည်များ၏ အသက်အုပ်စု နှိုင်းယှဉ်ဖော်ပြမှုဇယားနှင့် ဂရပ်ပုံ


| အသက်အုပ်စု | ၂၀၂၂ ခုနှစ် | ၂၀၂၃ ခုနှစ် | ၂၀၂၄ ခုနှစ် |
|---|---|---|---|
| အသက်(၁၅-၁၉)နှစ်အကြား | ၄% | ၂% | ၃% |
| အသက်(၂၀-၂၉)နှစ်အကြား | ၃၃% | ၃၀% | ၂၈% |
| အသက်(၃၀-၃၉)နှစ် အကြား | ၃၂% | ၃၆% | ၃၁% |
| အသက်(၄၀-၄၉)နှစ် အကြား | ၁၈% | ၂၀% | ၂၂% |
| အသက်(၅၀-၅၉)နှစ် အကြား | ၈% | ၉% | ၁၁% |
| အသက် ၆၀ နှစ် နှင့်အထက် | ၅% | ၃% | ၅% |




ပုံ (၅-၃) အသက်အုပ်စု နှိုင်းယှဉ်ဖော်ပြမှု

## ၅.၄။ ဖြေဆိုသူပြည်တွင်းခရီးသည်များ၏ အလုပ်အကိုင် နှိုင်းယှဉ်ဖော်ပြမှု ဇယားနှင့် ဂရပ်ပုံ


| အလုပ်အကိုင်အမျိုးအစား | ၂၀၂၂ ခုနှစ် | ၂၀၂၃ ခုနှစ် | ၂၀၂၄ ခုနှစ် |
|---|---|---|---|
| ဝန်ဆောင်မှုပေးသူ/အရောင်းဝန်ထမ်း | ၁၃% | ၂၆% | ၂၁% |
| လယ်သမား | ၁၉% | ၁၅% | ၁၇% |
| ရုံးဝန်ထမ်း | ၁၉% | ၁၄% | ၁၅% |
| မှီခို | ၁၀% | ၁၀% | ၈% |
| အထွေထွေအလုပ်သမား | ၉% | ၉% | ၉% |
| အလယ်အလတ်စီမံခန့်ခွဲမှု(Manager/ Supervisor) | ၈% | ၇% | ၇% |
| ကျောင်းသား | ၁၀% | ၆% | ၈% |
| အသက်မွေးဝမ်းကျောင်း (Doctor, Engineer, etc) | ၆% | ၄% | ၄% |
| နည်းပညာရှင်(Technician, Nursing, etc) | ၂% | ၃% | ၄% |
| ပင်စင် | ၃% | ၃% | ၄% |
| အဆင့်မြင့်စီမံခန့်ခွဲမှု(MD/ Director) | ၆% | ၂% | ၂% |




ပုံ (၅-၄) အလုပ်အကိုင် နှိုင်းယှဉ်ဖော်ပြမှု

## ၅.၅။ ဖြေဆိုသူပြည်တွင်းခရီးသည်များ၏ စီးပွားရေးလုပ်ငန်းကဏ္ဍ နိုင်းယှဉ်ဖော်ပြမှု ဇယားနှင့် ဂရပ်ပုံ


| စီးပွားရေးလုပ်ငန်းကဏ္ဍ | ၂၀၂၂ ခုနှစ် | ၂၀၂၃ ခုနှစ် | ၂၀၂၄ ခုနှစ် |
|---|---|---|---|
| ကိုယ်ပိုင်လုပ်ငန်း | ၃၈% | ၄၂% | ၄၉% |
| ပုဂ္ဂလိကလုပ်ငန်း(နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမဟုတ်သော) | ၄၄% | ၃၀% | ၂၇% |
| အခြားလုပ်ငန်း | ၀% | ၁၉% | |
| နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း | ၁၅% | ၈% | ၁၃% |
| နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း | ၂% | ၁% | ၁% |
| INGOs/LGOs | ၁% | ၀% | ၀% |
| မှီခို | | | ၅% |
| ကျောင်းသား | | | ၄% |




ပုံ (၅-၅) စီးပွားရေးလုပ်ငန်းကဏ္ဍ နိုင်းယှဉ်ဖော်ပြမှု

## ၅.၆။ ဖြေဆိုသူခရီးသွားများသွားရောက်ခဲ့သည့် တစ်နှစ်ပတ်လုံးခရီးစဉ်အရေအတွက် နှိုင်းယှဉ်ဖော်ပြမှု ဇယားနှင့် ဂရပ်ပုံ


| ခရီးစဉ်အရေအတွက် | ၂၀၂၂ ခုနှစ် | ၂၀၂၃ ခုနှစ် | ၂၀၂၄ ခုနှစ် |
|---|---|---|---|
| ၁ ကြိမ်သာ | ၃၄% | ၃၆% | ၄၃% |
| ၂ ကြိမ် | ၂၇% | ၂၅% | ၂၇% |
| ၃ ကြိမ် | ၂၀% | ၂၁% | ၁၈% |
| ၄ ကြိမ် | ၅% | ၆% | ၄% |
| ၅ ကြိမ် | ၇% | ၇% | ၅% |
| ၆ ကြိမ်နှင့်အထက် | ၆% | ၅% | ၃% |




ပုံ (၅-၆) တစ်နှစ်ပတ်လုံးခရီးစဉ်အရေအတွက် နှိုင်းယှဉ်ဖော်ပြမှု

## ၅.၇။ ခရီးသွားလာရသည့် ရည်ရွယ်ချက်နှိုင်းယှဉ်ဖော်ပြမှု ဇယားနှင့်ဂရပ်ပုံ


| ခရီးသွားလာရသည့် ရည်ရွယ်ချက် | ၂၀၂၂ ခုနှစ် | ၂၀၂၃ ခုနှစ် | ၂၀၂၄ ခုနှစ် |
|---|---|---|---|
| အားလပ်ရက်၊အပန်းဖြေရန် | ၄၃% | ၄၆% | ၂၉% |
| စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန် | ၂၂% | ၁၉% | ၂၈% |
| တရားထိုင်/ဘုရားဖူးရန် | ၇% | ၁၅% | ၁၅% |
| သူငယ်ချင်း၊မိတ်ဆွေနှင့်သူငယ်ချင်းများထံ သွားရောက်လည်ပတ်ခြင်း | ၁၆% | ၁၁% | ၁၅% |
| ဆေးကုသရန် | ၄% | ၄% | ၄% |
| လေ့လာရေးခရီး(သို့)ပညာသင်ကြားရန် | ၅% | ၃% | ၄% |
| MICE | ၃% | ၂% | ၄% |




ပုံ (၅-၇) ခရီးသွားလာရသည့် ရည်ရွယ်ချက် နှိုင်းယှဉ်ဖော်ပြမှု

## ၅.၈။ ဟိုတယ်နှင့်အလားတူနေရာများတွင် တည်းခိုနေထိုင်သည့်ကာလ နှိုင်းယှဉ်ဖော်ပြမှု ဇယားနှင့် ဂရပ်ပုံ


| တည်းခိုနေထိုင်သည့်ကာလ | ၂၀၂၂ ခုနှစ် | ၂၀၂၃ခုနှစ် | ၂၀၂၄ ခုနှစ် |
|---|---|---|---|
| ၁ ရက် | ၅% | ၅% | ၅% |
| ၂ ရက် | ၁၉% | ၁၃% | ၁၅% |
| ၃ ရက် | ၂၀% | ၁၈% | ၁၅% |
| ၄ ရက် | ၁၃% | ၁၁% | ၁၀% |
| ၅ ရက် | ၁၃% | ၉% | ၈% |
| ၆ ရက်နှင့်အထက် | ၃၂% | ၄၄% | ၂၁% |




ပုံ (၅-၈) ဟိုတယ်နှင့်အလားတူနေရာများတွင် တည်းခိုနေထိုင်သည့်ကာလ နှိုင်းယှဉ်ဖော်ပြမှု

## ၅.၉။ လအလိုက် ခရီးသွားလာခဲ့မှု နှိုင်းယှဉ်ဖော်ပြမှု ဇယားနှင့် ဂရပ်ပုံ


| ခရီးသွားရောက်ခဲ့သည့် လများ | ၂၀၂၂ ခုနှစ် | ၂၀၂၃ ခုနှစ် | ၂၀၂၄ ခုနှစ် |
|---|---|---|---|
| ဇန်နဝါရီလ | ၁၄% | ၁၆% | ၆% |
| ဖေဖော်ဝါရီလ | ၈% | ၅% | ၆% |
| မတ်လ | ၉% | ၅% | ၄% |
| ဧပြီလ | ၂၁% | ၁၀% | ၁၁% |
| မေလ | ၁၀% | ၃% | ၄% |
| ဇွန်လ | ၈% | ၂% | ၃% |
| ဇူလိုင်လ | ၁၂% | ၃% | ၄% |
| ဩဂုတ်လ | ၁၃% | ၃% | ၃% |
| စက်တင်ဘာလ | ၁၅% | ၄% | ၅% |
| အောက်တိုဘာလ | ၂၂% | ၁၀% | ၂၃% |
| နိုဝင်ဘာလ | ၁၆% | ၈% | ၃၀% |
| ဒီဇင်ဘာလ | | ၂၉% | ၁% |




ပုံ (၅-၉) လအလိုက် ခရီးသွားလာခဲ့မှု နှိုင်းယှဉ်ဖော်ပြမှု

## ၅.၁၀။ လက်ရှိခရီးစဉ်အတွင်း အသုံးပြုသည့် သယ်ယူပို့ဆောင်ရေးယာဉ် အမျိုးအစားများ လာရောက်လည်ပတ်မှု ဇယားနှင့် ဂရပ်ပုံ


| ပို့ဆောင်ရေးယာဉ်အမျိုးအစား | ၂၀၂၂ ခုနှစ် | ၂၀၂၃ ခုနှစ် | ၂၀၂၄ ခုနှစ် |
|---|---|---|---|
| အများဆုံး ခရီးသည်တင်ဘတ်စ်ကား | ၄၀% | ၄၅% | ၄၇% |
| ပြည်တွင်းလေကြောင်း | ၂၁% | ၁၉% | ၂၀% |
| ကိုယ်ပိုင်ယာဉ် | ၂၀% | ၁၅% | ၁၅% |
| အငှားယာဉ် | ၁၃% | ၁၀% | ၈% |
| ကိုယ်ပိုင်မော်တော်ဆိုင်ကယ် | ၃% | ၄% | ၃% |
| ရထား | ၆% | ၃% | ၂% |
| အငှားဘတ်စ်ကား | ၄% | ၂% | ၃% |
| ခရီးသည်တင်ယာဉ် | ၂% | ၂% | ၃% |
| စက်လှေ/သင်္ဘော | ၂% | 0% | ၀% |




ပုံ (၅-၁၀) လက်ရှိခရီးစဉ်အတွင်းအသုံးပြုသည့် သယ်ယူပို့ဆောင်ရေးယာဉ်အမျိုးအစားများ နှိုင်းယှဉ်ဖော်ပြမှု

## ၅.၁၁။ လက်ရှိခရီးစဉ်သို့ အတူလာရောက်သည့် ခရီးသွားအဖော်များကို နှိုင်းယှဉ်တင်ပြမှု ဇယားနှင့် ဂရပ်ပုံ


| လက်ရှိခရီးစဉ်သို့ အတူလာရောက်သည့် ခရီးသွားအဖော်များ | ၂၀၂၂ ခုနှစ် | ၂၀၂၃ ခုနှစ် | ၂၀၂၄ ခုနှစ် |
|---|---|---|---|
| တစ်ဦးတည်းခရီးသွားကြသူ | ၂၇% | ၂၃% | ၂၆% |
| သူငယ်ချင်းနှင့်ခရီးသွားကြသူ | ၂၁% | ၂၃% | ၁၉% |
| ဇနီး/ခင်ပွန်းနှင့်ခရီးသွားကြသူ | ၁၄% | ၁၉% | ၂၀% |
| မိသားစုနှင့်ခရီးသွားကြသူ | ၂၀% | ၁၃% | ၁၀% |
| လုပ်ဖော်ကိုင်ဖက်နှင့်ခရီးသွားကြသူ | ၁၀% | ၁၁% | ၁၄% |
| ဆွေမျိုးများနှင့်ခရီးသွားကြသူ | ၇% | ၁၁% | ၁၀% |
| ခရီးသွားအဖွဲ့နှင့်ခရီးသွားကြသူ | ၁% | ၀% | ၀% |




ပုံ (၅-၁၁) လက်ရှိခရီးစဉ်သို့ အတူလာရောက်သည့် ခရီးသွားအဖော်များကို နှိုင်းယှဉ်ဖော်ပြမှု

## ၅.၁၂။ လက်ရှိခရီးစဉ်အတွက် သတင်းအချက်အလက်ရရှိနိုင်သည့် အရင်းအမြစ်များကို နှိုင်းယှဉ်တင်ပြမှု ဇယားနှင့် ဂရပ်ပုံ


| လက်ရှိခရီးစဉ်အတွက် သတင်းအချက်အလက်ရရှိနိုင်သည့် အရင်းအမြစ်များ | ၂၀၂၂ ခုနှစ် | ၂၀၂၃ ခုနှစ် | ၂၀၂၄ ခုနှစ် |
|---|---|---|---|
| ယခင်အတွေ့အကြုံမှ | ၁၉% | ၃၇% | ၃၃% |
| မိတ်ဆွေ/သူငယ်ချင်းများထံမှ | ၄၄% | ၂၈% | ၃၁% |
| မိသားစုဝင်များထံမှ | ၂၇% | ၂၃% | ၂၇% |
| ဆိုရှယ်မီဒီယာမှ | ၅% | ၆% | ၄% |
| အင်တာနက်/ဝက်ဘ်ဆိုက်မှ | ၃% | ၃% | ၃% |
| ခရီးသွားအေဂျင်စီထံမှ | - | ၁% | - |
| ခရီးသွားအော်ပရေတာများထံမှ | ၁% | ၁% | - |
| လက်ကမ်းစာစောင်များမှ | - | ၁% | ၁% |




ပုံ (၅-၁၂) လက်ရှိခရီးစဉ်အတွက် သတင်းအချက်အလက်ရရှိနိုင်သည့် အရင်းအမြစ်များကို နှိုင်းယှဉ်ဖော်ပြမှု

# ၅.၁၃။ လက်ရှိခရီးစဉ်၌ ပြည်တွင်းခရီးသည်များ၏ တည်းခိုနေရာ အမျိုးအစားကို နှိုင်းယှဉ်တင်ပြမှု ဇယားနှင့် ဂရပ်ပုံ


| လက်ရှိခရီးစဉ်၌ ပြည်တွင်းခရီးသည်များ၏ တည်းခိုနေရာအမျိုးအစား | ၂၀၂၂ ခုနှစ် | ၂၀၂၃ ခုနှစ် | ၂၀၂၄ ခုနှစ် |
|---|---|---|---|
| ဟိုတယ်နှင့်အလားတူတည်းခိုရိပ်သာများ | ၃၈% | ၄၂% | ၄၀% |
| သူငယ်ချင်း၊ဆွေမျိုးများထံ | ၄၉% | ၂၈% | ၃၀% |
| မိုတယ် | ၁၁% | ၂၄% | ၁၉% |
| အဆောင် | ၂% | ၃% | ၃% |
| အခြား | ၂% | ၃% | ၃% |




ပုံ (၅-၁၃) လက်ရှိခရီးစဉ်၌ ပြည်တွင်းခရီးသည်များ၏ တည်းခိုနေရာအမျိုးအစားများ နှိုင်းယှဉ်ဖော်ပြမှု

## ၅.၁၄။ လက်ရှိခရီးစဉ်တွင် နေထိုင်သည့်ရက်ပေါင်းကို နှိုင်းယှဉ်တင်ပြမှု ဇယားနှင့် ဂရပ်ပုံ


| လက်ရှိခရီးစဉ်တွင် နေထိုင်သည့်ရက်ပေါင်း | ၂၀၂၂ ခုနှစ် | ၂၀၂၃ ခုနှစ် | ၂၀၂၄ ခုနှစ် |
|---|---|---|---|
| ၁ ညအိပ် | ၇% | ၈% | ၁၀% |
| ၂ ညအိပ် | ၂၃% | ၃၁% | ၃၂% |
| ၃ ညအိပ် | ၂၈% | ၂၉% | ၂၃% |
| ၄ ညအိပ် | ၁၀% | ၉% | ၈% |
| ၅ ညအိပ် | ၁၁% | ၁၀% | ၁၁% |
| ၆ ညနှင့်အထက် | ၂၀% | ၁၃% | ၁၆% |




ပုံ (၅-၁၄) လက်ရှိခရီးစဉ်တွင် နေထိုင်သည့်ရက်ပေါင်း နှိုင်းယှဉ်ဖော်ပြမှု

## ၅.၁၅။ ခရီးစဉ်အတွင်း သုံးစွဲခဲ့ကြသည့် ကဏ္ဍအလိုက် နှိုင်းယှဉ်တင်ပြမှု ဇယားနှင့် ဂရပ်ပုံ

| ကဏ္ဍအလိုက် ပျမ်းမျှအသုံးစရိတ် | ၂၀၂၂ ခုနှစ် | ၂၀၂၃ ခုနှစ် | ၂၀၂၄ ခုနှစ် |
|---|---|---|---|
| ပို့ဆောင်ဆက်သွယ်ရေး | ၂၃ % | ၃၅ % | ၃၆ % |
| တည်းခိုနေထိုင်ရေး | ၂၀ % | ၁၉ % | ၁၃ % |
| ဈေးဝယ်ခြင်း | ၁၅ % | ၁၆ % | ၂၀ % |
| အစားအသောက်နှင့် အဖျော်ယမကာ | ၁၄ % | ၁၅ % | ၁၃ % |
| အခြား | ၁၇ % | ၉ % | ၁၀ % |
| အပန်းဖြေခြင်း | ၁၁ % | ၆ % | ၇ % |




ပုံ (၅-၁၅) ခရီးစဉ်အတွင်း သုံးစွဲခဲ့ကြသည့် ကဏ္ဍအလိုက် နှိုင်းယှဉ်ဖော်ပြမှု

## ၂။ ပြည်တွင်းခရီးသည်စစ်တမ်း သုတေသနမေးခွန်းလွှာ

၂၀၂၄ ပြည်တွင်းခရီးသည်စစ်တမ်းသုတေသနမေးခွန်းလွှာအား အောက်ပါအတိုင်း ဖော်ပြထားရှိပါသည်။

### (၁) ဖြေဆိုသူ၏ ကိုယ်ရေးအချက်အလက်

၁။ အမြဲတမ်းနေထိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး

| | | | | |
|---|---|---|---|---|
| (၁) ☐ ကချင်ပြည်နယ် | (၄) ☐ ချင်းပြည်နယ် | (၇) ☐ ပဲခူးတိုင်း | (၁၀) ☐ မွန်ပြည်နယ် | (၁၃) ☐ ရှမ်းပြည်နယ် |
| (၂) ☐ ကယားပြည်နယ် | (၅) ☐ စစ်ကိုင်းတိုင်း | (၈) ☐ မကွေးတိုင်း | (၁၁) ☐ ရခိုင်ပြည်နယ် | (၁၄) ☐ ဧရာဝတီတိုင်း |
| (၃) ☐ ကရင်ပြည်နယ် | (၆) ☐ တနင်္သာရီတိုင်း | (၉) ☐ မန္တလေးတိုင်း | (၁၂) ☐ ရန်ကုန်တိုင်း | (၁၅) ☐ နေပြည်တော် |

၂။ နေထိုင်ရာမြို့နယ် ______________ *(အကယ်၍ မေးမြန်းသည့် မြို့နယ်နှင့် ဖြေဆိုသူနေထိုင်ရာမြို့နယ် တူညီနေပါက မေးမြန်းမှုအား ရပ်ဆိုင်းပါ။)*

၃။ နေထိုင်ရာအရပ်
(၁) ☐ မြို့ (၂) ☐ မြို့ငယ်(မြို့အနီးအနားရှိ) (၃) ☐ ကျေးလက်ဒေသ
(၄) ☐ အခြား (ရှိလျှင်ဖော်ပြပေးပါရန်) ________________

၄။ လိင်အမျိုးအစား (၁) ☐ ကျား (၂) ☐ မ

၅။ အသက်အရွယ်
(၁) ☐ အသက် (၁၅) နှစ်မှ (၁၉) နှစ်အကြား (၂) ☐ အသက် (၂၀) နှစ်မှ (၂၉) နှစ်အကြား
(၃) ☐ အသက် (၃၀) နှစ်မှ (၃၉) နှစ်အကြား (၄) ☐ အသက် (၄၀) နှစ်မှ (၄၉) နှစ်အကြား
(၅) ☐ အသက် (၅၀) နှစ်မှ (၅၉) နှစ်အကြား (၆) ☐ အသက် (၆၀) နှစ်နှင့်အထက်

၆။ အဓိကအသက်မွေးဝမ်းကြောင်း သို့မဟုတ် အလုပ်အကိုင်
(၁) ☐ အကြီးတန်းစီမံခန့်ခွဲမှု (MD/ Director)
(၂) ☐ အလယ်အလတ်အဆင့် စီမံခန့်ခွဲမှု (မန်နေဂျာ/ ကြီးကြပ်ရေးမှူး)
(၃) ☐ ရုံးဝန်ထမ်း
(၄) ☐ အထွေထွေလုပ်သား
(၅) ☐ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အင်ဂျင်နီယာ စသည်)
(၆) ☐ နည်းပညာဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ (ဥပမာ - နည်းပညာရှင်၊ သူနာပြုများ အစရှိသည်ဖြင့်)
(၇) ☐ ဝန်ဆောင်မှုပေးသူ/ အရောင်း ဝန်ထမ်းများ
(၈) ☐ ကျောင်းသူ/သား
(၉) ☐ တောင်သူ/ လယ်သမား
(၁၀) ☐ အငြိမ်းစား
(၁၁) ☐ မှီခို
(၁၂) ☐ အခြား (ဖော်ပြပေးပါရန်) ______

၇။ စီးပွားရေးကဏ္ဍ
(၁) ☐ နိုင်ငံပိုင်စီးပွားရေး လုပ်ငန်း
(၂) ☐ ကိုယ်ပိုင်လုပ်ငန်း
(၃) ☐ ပုဂ္ဂလိကပိုင် (နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမဟုတ်သော)
(၄) ☐ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု
(၅) ☐ INGOs, LNGOs
(၆) ☐ အခြား(ဖော်ပြပါ) ------

## (၂) ၂၀၂၄ ခုနှစ်အတွင်း ခရီးသွားလာမှုအခြေအနေ

၈။ သင်သည် ၂၀၂၄ ခုနှစ်အတွင်း ခရီးစဉ် မည့်မျှသွားရောက်ခဲ့ပါသနည်း။ ______________ *ခု*

၉။ သင်သည် ၂၀၂၄ ခုနှစ်အတွင်း ခရီးသွားလာခဲ့သည့် ရက်ပေါင်း မည်မျှခန့်ရှိ ပါသနည်း။ ______________ *ရက်*

၁၀။ သင်ခရီးသွားလာသည့်အဓိကရည်ရွယ်ချက်အားဖော်ပြပါရန်။

☐ အားလပ်ရက်၊ အပန်းဖြေရန်
☐ စီးပွားရေးလုပ်ငန်းလုပ်ရန်
☐ ပညာရေး/ လေ့လာသင်ယူရန်
☐ ဘုရားဖူးရန်
☐ အစည်းအဝေး၊ နှီးနှောဖလှယ်ပွဲ၊ ပြပွဲများ တက်ရောက်ရန်
☐ မိသားစု/မိတ်ဆွေ/သူငယ်ချင်းများထံသို့ အလည် အပတ်ရန်
☐ ကျန်းမာရေးစစ်ဆေးမှု သို့မဟုတ် ဆေးကုသခံမှု သို့မဟုတ် ခွဲစိတ်မှု လုပ်ဆောင်ရန်
☐ အခြား (ရှိလျှင်ဖော်ပြပါရန်) ________________________

၁၁။ ၂၀၂၄ ခုနှစ်အတွင်း သွားရောက်ခဲ့သည့် ခရီးစဉ် ဒေသ/နေရာ ၃ ခုအား ဖော်ပြပါရန်။

(၁)

(၂)

(၃)

၁၂။ ခရီးစဉ် ဒေသအတွင်း၌ ဟိုတယ် သို့မဟုတ် အလားတူ တည်းခိုရိပ်သာများတွင် တည်းခိုခဲ့ပါက ရက်ပေါင်းမည်မျှခန့် တည်းခိုခဲ့ပါသနည်း။ ___________ ရက်

၁၃။ ၂၀၂၄ ခုနှစ်အတွင်း မည်သည့်လများ၌ ခရီးသွားရောက်ခဲ့ပါသနည်း။

(၁)☐ ဇန်နဝါရီလ (၃)☐ မတ်လ (၅)☐ မေလ (၇)☐ ဇူလိုင်လ (၉)☐ စက်တင်ဘာလ (၁၁)☐ နိုဝင်ဘာလ

(၂)☐ ဖေဖော်ဝါရီလ (၄)☐ ဧပြီလ (၆)☐ ဇွန်လ (၈)☐ ဩဂုတ်လ (၁၀)☐ အောက်တိုဘာလ (၁၂)☐ ဒီဇင်ဘာလ

၁၄။ ၂၀၂၄ ခုနှစ်အတွက် စုစုပေါင်း ခရီးသွားကုန်ကျစရိတ်အား ခန့်မှန်း ဖော်ပြပေး ပါရန် ______________ *ကျပ်သိန်း*

## (၃) လက်ရှိ ခရီးစဉ်ဒေသဆိုင်ရာ အချက်အလက်များ

၁၅။ လက်ရှိ ခရီးစဉ် ဒေသ/ နေရာ ________________________

၁၆။ ယခုခရီးစဉ်ဒေသသို့သင် အကြိမ်မည်မျှရောက်ဖူးပါသနည်း။

(၁) ☐ ပထမဆုံး အကြိမ် (၃)☐ ၄ ကြိမ်မှ ၅ ကြိမ်ခန့် (၅)☐ ၈ ကြိမ်မှ ၁၀ ကြိမ် ခန့်

(၂) ☐ ၂ ကြိမ်မှ ၃ ကြိမ်ခန့် (၄)☐ ၆ ကြိမ်မှ ၇ ကြိမ်ခန့် (၆)☐ ၁၀ ကြိမ်နှင့် အထက်

၁၇။ ယခုခရီးစဉ်ဒေသသို့သင် မည်သည့် (ပုံစံ/ယာဉ်) ဖြင့် လာရောက်ခဲ့ပါသလဲ။

(၁)☐ ဘတ်စ်ကား (၄)☐ လေယာဉ် (၆)☐ကိုယ်ပိုင်ကား (၈)☐ စင်းလုံးငှားကား

(၂)☐ ရထား (၅)☐ Tour Coach (၇)☐ဆိုင်ကယ် (၉)☐ စင်းလုံးငှားဘတ်စ်ကား

(၃)☐ လှေ/သင်္ဘော (၁၀) ☐ အခြား (ရှိလျှင်ဖော်ပြပါရန် ____________________________

၁၈။ ခရီးသွားရသည့် အဓိကရည်ရွယ်ချက်

☐ အားလပ်ရက်/ အပန်းဖြေရန်
☐ စီးပွားရေးလုပ်ငန်းလုပ်ဆောင်ရန်
☐ ပညာရေး (သို့) လေ့လာသင်ယူရန်
☐ တရားထိုင်/ဘုရားဖူးရန်
☐ အစည်းအဝေး၊ နှီးနှောဖလှယ်ပွဲ၊ ပြပွဲများ တက်ရောက်ရန်
☐ မိသားစု၊ မိတ်ဆွေ/သူငယ်ချင်းများထံသို့ အလည်အပတ်
☐ ကျန်းမာရေးစစ်ဆေးမှု/ဆေးကုသခံမှု/ ခွဲစိတ်မှု လုပ်ဆောင်ရန်
☐ အခြား (ရှိလျှင်ဖော်ပြပါရန်) ________________________

၅၈/ စာမျက်နှာ

၁၉။ ယခု ခရီးစဉ်ဒေသသို့ လာရောက်ရန် သင် မည်သို့ စီစဉ်ဆောင်ရွက်ခဲ့ပါသနည်း။

(၁)☐ ကိုယ်တိုင်
(၂)☐ သူငယ်ချင်းအပေါင်းအသင်း
(၃)☐ မိသားစု သို့မဟုတ် ဆွေမျိုး
(၄)☐ ခရီးသွားဝန်ဆောင်မှု
(၅)☐ အခြားရှိပါက ဖော်ပြပေးပါရန် ____________________

၂၀။ ယခုခရီးစဉ်ဒေသသို့ မည်သူနှင့်အတူ လာရောက်ခဲ့ပါသနည်း။

(၁)☐ တစ်ကိုယ်တည်း
(၂)☐ ဇနီး/ခင်ပွန်း
(၃)☐ လုပ်ဖော်ကိုင်ဖက်
(၄)☐ သူငယ်ချင်းများ
(၅)☐ ဆွေမျိုးများ
(၆)☐ ခရီးသွားအဖွဲ့
(၇)☐ မိသားစုဝင်များ (ကလေးများပါဝင်)
(၈)☐ မိသားစုဝင်များ (ကလေးများမပါ)
(၉)☐ အခြား (ဖော်ပြပါ)____________

၂၁။ ယခုခရီးစဉ်ဒေသအား သင်မည်သို့သိရှိခဲ့ရပါသနည်း။ (အချက်အလက် ရရှိနိုင်သည့် နေရာများ)

(၁)☐ သူငယ်ချင်း/ လုပ်ဖော်ကိုင်ဖက်များ
(၂)☐ မိသားစုဝင်များ
(၃)☐ ယခင်ခရီးသွား အတွေ့အကြုံများ
(၄)☐ ခရီးသွားကြော်ငြာ/ လက်ကမ်းစာစောင်များ
(၅)☐ ခရီးသွား အဇေဂျင်စီများ
(၆)☐ ခရီးသွား ဝန်ဆောင်မှုပေးသူများ
(၇)☐ အင်တာနက် စာမျက်နှာများ
(၈)☐ လူမှုကွန်ယက် အင်တာနက်စာမျက်နှာ
(၉)☐ ခရီးသွားလမ်း ညွှန်များ
(၁၀)☐ သတင်းစာ
(၁၁)☐ မဂ္ဂဇင်း
(၁၂)☐ အခြား (ဖော်ပြပါ)______

၂၂။ ယခုခရီးစဉ်ဒေသအတွင်း သွားရောက်လည်ပတ်ခဲ့သည့် မြို့များ/ဒေသများအား ဖော်ပြပါရန်။ (ခရီးစဉ်တစ်လျှောက် ပါဝင်သည့် ခရီးစဉ်ဒေသများ)

(၁)_______________________________
(၂)_______________________________
(၃)_______________________________
(၄)_______________________________
(၅)_______________________________

ဥပမာ - မူလခရီးစဉ်ဒေသမှ သွားရောက်ခဲ့သည့် ☐ ပထမ မြို့၊ ထို့နောက် ☐ ဒုတိယမြို့၊ ☐ တတိယမြို့၊ ☐ နောက်ဆုံးရောက်ရှိခဲ့သည့်မြို့၊ ထို့မှ မူလခရီးစဉ်ဒေသ သို့မဟုတ် မိမိနေရပ်သို့ ပြန်သွားသည်။

(သင်သည် ရန်ကုန်ဇာတိဖြစ်၍ မန္တလေးမြို့သို့ သွားရောက်ပြီး မန္တလေးမှ ပထမဆုံး အမရပူရ၊ ဒုတိယ အင်းဝ၊ တတိယ မုံရွာ၊ နောက်ဆုံး စစ်ကိုင်း ဖြစ်ပြီး ထိုမှတစ်ဆင့် မန္တလေး သို့မဟုတ် ရန်ကုန်သို့ ပြန်ရောက်လာခြင်းကို ဆိုလိုပါသည်။)

၂၃။ ယခုခရီးစဉ်အတွင်း သင်ရက်မည်မျှခန့် တည်းခိုခဲ့ပါသနည်း။ _____________ ရက်

၂၄။ ခရီးစဉ်ဒေသအတွင်း သင်တည်းခိုခဲ့သည့် နေရာ

(၁)☐ ဟိုတယ်နှင့် အလားတူ တည်းခိုရိပ် သာများ
(၂)☐ တည်းခိုခန်းများ
(၃)☐ ရပ်ရွာအခြေပြု ခရီးသွားနေရာ (CBT)
(၄)☐ မိတ်ဆွေ/ သူငယ်ချင်း၏ အိမ်
(၅)☐ အဆောင်များ
(၆)☐ အခြား (ဖော်ပြပါ)___

၂၅။ သင်သွားရောက်ခဲ့သည့် အနှစ်သက်ဆုံး ခရီးစဉ်ဒေသ ၃ ခုအား ဖော်ပြပါ။

၁)_______________________________
၂)_______________________________
၃)_______________________________

၂၆။ ခရီးစဉ်အတွင်း အောက်ဖော်ပြပါကဏ္ဍများအလိုက် အသုံးပြုခဲ့သည့် ငွေကြေးပမာဏများ ကုန်ကျစရိတ် (ကျပ်)

သယ်ယူပို့ဆောင်ရေးကုန်ကျစရိတ်

နေထိုင်ရေးကဏ္ဍ (ဟိုတယ်/ မိုတယ်/အင်း/ တည်းခိုးခန်း ကုန်ကျစရိတ်)

အစားအသောက်အတွက်ကုန်ကျစရိတ်

အပန်းဖြေရေးကဏ္ဍကုန်ကျစရတ်

ဈေးဝယ်ထွက်ခြင်း၊ ဝယ်ယူရေးကဏ္ဍ အတွက်ကုန်ကျစရိတ်

အခြားရှိပါက ဖော်ပြပေးပါရန် ______________

၂၇။ စုစုပေါင်းကုန်ကျစရိတ်

၂၈။ ယခုခရီးစဉ်နှင့်စပ်လျဉ်း၍ သင်၏စိတ်ကျေနပ်မှုအဆင့်ကို သတ်မှတ်ပေးပါ။

☐ အလွန်စိတ်မကျေနပ်ပါ။ ☐ စိတ်ကျေနပ်မှုမရှိပါ။ ☐ သာမန် ☐ စိတ်ကျေနပ်ပါသည်။ ☐ အလွန် စိတ်ကျေနပ်ပါသည်။

၂၉။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်အတွက် အကြံပြုချက်များ

**ပါဝင်ဖြေဆိုပေးသည့်အတွက် လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ပါသည်။ ပျော်ရွှင်ဖွယ်ကောင်းသည့် ခရီးစဉ်လေးဖြစ်ပါစေ။**

## စုံစမ်းရန်

**ခရီးသွားလုပ်ငန်းသုတေသနဌာနစိတ်**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

ရုံးအမှတ် ၃၃၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊

နေပြည်တော်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ။

ဖုန်း- ၀၅ ၆၇ ၄၀၆၄၅၀

ဆက်သွယ်ရန် အီးမေးလ် - mohtresearch2022@gmail.com